# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၁ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၂၀၈)


# အလုပ်သမားများ ဘေးကင်းလုံခြုံ၍ ကျန်းမာရေးနှင့်ညီညွတ်သောလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နိုင်ခွင့်၊ ကျွမ်းကျင်မှုနှင့် ကြိုးစားအားထုတ်မှုတို့အပေါ် မူတည်၍ သင့်တင့်မျှတသော လုပ်ခလစာနှင့် လုပ်ငန်းခွင်တွင် တန်းတူညီမျှခွင့်စသည့် အခွင့်အရေးများရရှိရန် အလုပ်သမားဥပဒေများနှင့်အညီ စစ်ဆေးစည်းကြပ်ပေးလျက်ရှိ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်)

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့အလုပ်သမားများ၏ လုပ်အားတန်ဖိုးကို မြှင့်တင်ပေးသောနေ့၊ အလုပ်သတ်မှတ်ချိန်ကို မှန်ကန်သင့်လျော်စွာ ခံစားရသောနေ့၊ ကမ္ဘာ့အလုပ်သမားလှုပ်ရှားမှုသမိုင်းတွင် မှတ်ကျောက်တင်နိုင်သည့် သမိုင်းဝင်နေ့ထူးနေ့မြတ် အခါသမယဖြစ်ပါသည်။ ထိုကဲ့သို့သော မင်္ဂလာနေ့ရက်မှစ၍ နိုင်ငံတော်အတွင်းရှိ အလုပ်သမားကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ချစ်ခင်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၈၈၆ ပြည့်နှစ်၊ မေလ(၁) ရက်နေ့မှစ၍ ကမ္ဘာတစ်ဝန်း၌ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားများကျင်းပခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ကာယ၊ ဉာဏ အလုပ်သမားကြီးများ၏ စွမ်းဆောင်မှုကို အသိအမှတ်ပြု ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် အခမ်းအနားများ ကျင်းပခဲ့ရာ (၈၈) ကြိမ်မြောက်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားမှု၊ ဝန်ဆောင်မှုအရည်အသွေးတိုးတက်မြင့်မားမှုတို့အပေါ် တည်မှီလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များကို ဖန်တီးဖော်ဆောင်ရာတွင် အဓိကကျသော အလုပ်သမားအင်အားထုကြီးကို လေးစားစွာ ဂုဏ်ပြုပါကြောင်း ဦးစွာပထမဖော်ပြအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား**

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ မေလ (၁၈) ရက်နေ့မှစ၍ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (International Labour Organization-ILO) တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်နှင့်အညီ

*စာမျက်နှာ ၃ ကော်လံ ၁* ❖





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကျင်းပ

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲနှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❑

# အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

# ကုန်ထုတ်လုပ်မှုကဏ္ဍမြင့်မားရေး အလုပ်သမားတို့ စွမ်းအားဖြင့်မြှင့်တင်

လူ့ဘောင်အဖွဲ့အစည်း ရှင်သန်တည်ရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အလုပ်သမားတို့၏ အခန်းကဏ္ဍမှာ လွန်စွာကြီးမားသည်။ မျက်မှောက်ခေတ် ဈေးကွက်စီးပွားရေးစနစ်တွင် အလုပ်ရှင်များက ငွေကြေးစိုက်ထုတ်ရင်းနှီးမြှုပ်နှံကြပြီး ကော်လာဖြူ၊ ကော်လာပြာ အလုပ်သမားများက ကျွမ်းကျင်မှုနှင့် လုပ်အားတို့ကို စိုက်ထုတ်ကြကာ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတို့ ပြုလုပ်ကြခြင်းဖြင့် လူမှုစီးပွားယန္တရားကြီးကို လည်ပတ်လှုပ်ရှားစေခြင်းဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ်တွင် အလုပ်ရှင်နှင့် အလုပ်သမားတို့မှာ အပြန်အလှန်အကျိုးပြုကြရသည့် စီးပွားဖက်များဖြစ်ကြသော်လည်း ရာစုခေတ်ဟောင်းကာလများမှ အရင်းရှင်စီးပွားရေးစနစ်တွင်မူ အလုပ်ရှင်သည် ၎င်း၏အကျိုးအမြတ် ပိုမိုရရှိရေးအတွက် အလုပ်သမားများထံမှ လုပ်အားနှင့် လုပ်ခတို့ကို နည်းအမျိုးမျိုးဖြင့် ခေါင်းပုံဖြတ်သူများဖြစ်ကြသည်။ အလုပ်ရှင်အရင်းရှင်တို့က အလုပ်သမားတို့အား ပေးရမည့် လုပ်အားခကို နည်းနိုင်သမျှ နည်းလိုသလောက် လုပ်အားကိုမူ များနိုင်သမျှ များများလိုချင်ကြရာ လောဘကို အတောမသတ်နိုင်ကြသည့်အလျောက် လွန်လွန်ကျူးကျူးများဖြစ်ခဲ့ကြသည်။ လုပ်အားကိုအသုံးပြု၍ အသက်မွေးနေကြရသည့် အလုပ်သမားများမှာ မခံမရပ်နိုင်သည့်အဆုံး မိမိတို့၏ ရသင့်ရထိုက်သည့် အခွင့်အရေးအတွက် အသက်ပေး၍ တိုက်ပွဲဝင်ကြတော့သည်။

မေလ ၁ ရက်နေ့သည် ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားကြီးများကို ဂုဏ်ပြုသည့် နေ့ထူးနေ့မြတ်ဖြစ်သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ဖြစ်သည်။ ၁၈၉၀ ပြည့်နှစ်၊ မေလ ၁ ရက်နေ့မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ကမ္ဘာ့အလုပ်သမားများ၏ လုပ်အားတန်ဖိုးကို မြှင့်တင်ပေးသောနေ့၊ အလုပ်သတ်မှတ်ချိန်ကို သင့်လျော်စွာ ခံစားရသောနေ့၊ ကမ္ဘာ့အလုပ်သမားလှုပ်ရှားမှုသမိုင်းတွင် မှတ်ကျောက်တင်နိုင်သည့်နေ့အဖြစ် နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်သည် ၁၃၆ နှစ်မြောက်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို နယ်ချဲ့ဗြိတိသျှ အစိုးရအုပ်ချုပ်မှုအောက် ၁၉၃၈ ခုနှစ်မှ စတင်၍ ကျင်းပလာခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ၈၈ နှစ်တာ ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ယခုအခါ မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူနေမှုအဆင့်အတန်း ပိုမိုကောင်းမွန်လာစေရေးအတွက် ကုန်ထုတ်လုပ်မှုကဏ္ဍကို အားပေးမြှင့်တင်လျက်ရှိသည်။ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို မြှင့်တင်ရာတွင် ဒေသအလိုက် ထွက်ကုန်များကို အခြေခံသော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ ထူထောင်လုပ်ကိုင်ရန် အားပေးလျက်ရှိသကဲ့သို့ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိသည်။ MSME လုပ်ငန်းများ ထွန်းကားလာသည်နှင့်အမျှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာခြင်း၊ အလုပ်လက်မဲ့နှုန်း ကျဆင်းလာခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်မားလာခြင်း၊ ပြည်ပသွင်းကုန်လျှော့ချနိုင်ခြင်း၊ ပြည်တွင်းမှ ပိုလျှံသည်တို့ကို ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေတိုးပွားလာခြင်း စသည့် အကျိုးကျေးဇူးများဖြစ်ထွန်းလာမည်ဖြစ်ရာ ကုန်ထုတ်စွမ်းအားမြင့်မားရေးမှာ အလုပ်သမားအင်အားစုကြီး၏ စွမ်းပကားအပေါ်တွင် မူတည်နေသည်။

မိမိတို့နိုင်ငံသည် သယံဇာတအရင်းအမြစ်များနှင့် အခွင့်အလမ်းကောင်းများပိုင်ဆိုင်ထားရာ ယင်းအခွင့်အလမ်းကောင်းများကို ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးချ၍ နိုင်ငံ့စီးပွားတိုးတက်မြင့်မားအောင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်နေသည့် အလုပ်သမားကြီးများ၏ လူမှုစီးပွားဘဝ မြှင့်တင်ပေးနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အလုပ်သမားများ၏ကျွမ်းကျင်မှုများ တိုးတက်စေရေး၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ အငြင်းပွားမှုများအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးနှင့် လုပ်သမားများ၏ လူမှုဘဝလုံခြုံရေးတို့ကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ယခုအခါ မိမိတို့နိုင်ငံသည် ဒီမိုကရေစီအစိုးရသစ်၏ ဦးဆောင်မှုဖြင့် သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်သည့်အချိန်အခါဖြစ်သည်။ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ရာတွင် အဓိကအားနည်းချက်ဖြစ်နေသော ကုန်ထုတ်လုပ်မှုကဏ္ဍကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် မြန်မာအလုပ်သမားတို့၏ ကာယ၊ ဉာဏ စွမ်းပကားဖြင့် အားသွန်ခွန်စိုက်မြှင့်တင်ကြရပါမည့်အကြောင်း။ ။



## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ် (၅ / ၂၀၂၆)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကို နားလည်စေရန် ရေးရှုသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍ လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ် (၅၀/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် အကျဉ်းသား/ သူတို့ ကျခံရန် ကျန်ရှိသောပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ပြီး အမိန့်အမှတ် (၅၁/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းသား/သူ ၁၅၀၈ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည့်အပြင် အမိန့်အမှတ် (၅၂/၂၀၂၆) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် နိုင်ငံခြားသား အကျဉ်းသား/သူ ၁၁ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။

၂။ ဤကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူဖြစ်စေမည့်အပြင် နိုင်ငံခြားသား အကျဉ်းသား/သူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ရာရောက်စေမည်ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိသူများ၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူများနှင့် ယင်းတို့၏ မိသားစုဝင်များနည်းတူ ဝမ်းမြောက် ပီတိဖြစ်ရပါကြောင်းနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြပါစေကြောင်း အလေးအနက်တိုက်တွန်းလျက် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် အမိန့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအား ကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသား**
**လူ့အခွင့်အရေး ကော်မရှင်**
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်

## ၃၀ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁ - ၅ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၁၅ | ၄၇၀၀ | ၄၆၄၀ | ၄၅၃၀ | ၄၇၀၀ | ၄၇၁၅ | ၄၇၆၅ | ၄၆၁၀ | ၄၇၆၅ | ၅၀၈၅ | ၄၆၃၅ | ၄၇၅၅ | ၄၇၃၅ | ၄၆၉၀ | ၄၆၉၀ | ၄၉၀၀ |
| 95 Ron | ၄၆၇၀ | ၄၈၆၀ | ၄၈၀၀ | ၄၆၈၅ | ၄၈၆၀ | ၄၈၇၀ | ၄၉၂၀ | ၄၇၇၀ | ၄၉၂၀ | ၅၂၄၀ | ၄၇၉၀ | ၄၉၄၀ | ၄၈၉၅ | ၄၈၅၀ | ၄၈၅၀ | ၅၀၆၀ |
| HSD (500 ppm) | ၅၂၇၅ | ၅၅၁၅ | ၅၃၉၅ | ၅၂၉၀ | ၅၅၁၅ | ၅၄၆၅ | ၅၅၁၅ | ၅၃၆၅ | - | ၅၈၂၀ | ၅၃၉၀ | ၅၈၉၅ | ၅၄၉၀ | ၅၄၄၅ | ၅၄၄၅ | ၅၆၄၅ |
| HSD (50 ppm) | ၆၄၅၅ | ၆၆၄၅ | ၆၅၈၀ | ၆၄၇၀ | ၆၆၄၅ | ၆၆၅၅ | ၆၇၀၅ | ၆၅၅၀ | ၆၇၀၅ | ၇၀၂၅ | ၆၅၇၅ | ၆၈၃၀ | ၆၆၈၀ | ၆၆၃၀ | ၆၆၃၅ | ၆၈၄၅ |
| HSD (10 ppm) | ၆၄၅၅ | ၆၆၄၅ | ၆၅၈၀ | ၆၄၇၀ | ၆၆၄၅ | ၆၆၅၅ | ၆၇၀၅ | ၆၅၅၀ | | ၇၀၂၅ | ၆၅၇၅ | ၆၈၃၀ | ၆၆၈၀ | ၆၆၃၀ | ၆၆၃၅ | ၆၈၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၇၉ | ၄၃၉၉ |
| 95 Ron | ၄၄၃၃ | ၄၅၅၅ |
| HSD (500 ppm) | ၅၀၃၃ | ၅၁၆၃ |
| HSD (50 ppm) | ၆၁၆၀ | ၆၃၁၃ |
| HSD (10 ppm) | ၆၁၆၀ | ၆၃၁၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ


မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ပိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com


MYANMAR Digital News Presented by NPE www.mdn.gov.mm

- ❒ **ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာနေထိုင်မှုဖြစ်စေရေးအတွက် ပြည်တွင်း ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ၏ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင်** Complaint Mechanism Center **တစ်ခုစီဖွင့်လှစ်၍ အလုပ်သမားရေးရာကိစ္စများကို လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိ**
- ❒ **မြန်မာအလုပ်သမားအများစု သွားရောက်လုပ်ကိုင်နေကြသည့် ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများထား၍ ၎င်းတို့၏ အခက်အခဲများကို သက်ဆိုင်ရာနိုင်ငံနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိ**

❖ *ရှေ့ဖုံးမှ*

ILO ၏ အခြေခံမူဝါဒများ၊ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာလျက်ရှိပြီး အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ အလုပ်ရှင်နှင့် အလုပ်သမားရေးရာစံနှုန်းများကို တည်ဆဲဥပဒေများနှင့်အညီ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းများတွင် အထောက်အကူပေးနိုင်ရန်အတွက် ၂၀၀၂ ခုနှစ်မှစ၍ ILO ဆက်သွယ်ရေးအရာရှိတစ်ဦး လက်ခံခန့်ထားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ရုံးစိုက်အခြေပြုနေထိုင်သော ILO ဆက်သွယ်ရေးအရာရှိနှင့် ထိတွေ့ဆက်ဆံပူးပေါင်းဆောင်ရွက်ခြင်း၊ ILO ဆက်သွယ်ရေးအရာရှိရုံးမှ လိုအပ်သည့်အချက်အလက်နှင့် လုပ်ငန်းများကို ပံ့ပိုးပေးခြင်း၊ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ILO နှင့် ပူးပေါင်း၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားဖြင့် ဖြေရှင်းပေးခြင်း၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများကို ILO ၏ Convention-87 နှင့်အညီ အခြေခံ၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာရေးရာအဖွဲ့များအထိ အဆင့်ဆင့်လွတ်လပ်စွာဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား**

မြန်မာနိုင်ငံသည် အလုပ်လုပ်နိုင်သည့်လူဦးရေ အများဆုံးနိုင်ငံများထဲ၌ ပါဝင်လျက်ရှိပြီး အလုပ်လုပ်နိုင်သူ လူဦးရေပေါများခြင်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြင့်မားရေးတို့အတွက် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်အခြေခံကောင်းများကို ပိုင်ဆိုင်ထားခြင်းပင်ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားဝန်ကြီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (၇) ကျောင်း၊ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော လုပ်ငန်းခွင်အခြေပြု လေ့ကျင့်သင်ကြားပေးသော သင်တန်းကျောင်း (၂၂)ကျောင်း၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA) အသိအမှတ်ပြု သင်တန်းကျောင်း (၂၆) ကျောင်းတို့တွင် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

ကျွမ်းကျင်မှုသင်တန်းများ အောင်မြင်ပြီးမြောက်သွားသည့် လူငယ်များသည် မူလသာမန်လုပ်သား (Unskilled Labours) အဆင့်မှ လုပ်ငန်းခွင်တွင် လက်တွေ့ကျကျ ဦးဆောင်နိုင်စွမ်းရှိသည့် တန်ဖိုးမြင့် ကျွမ်းကျင်လုပ်သား (Skilled Labours) များအဖြစ် ဘဝအဆင့်အတန်း မြင့်မားတိုးတက်လာမည် ဖြစ်ပါသည်။

အဆိုပါကျွမ်းကျင်လုပ်သားများကို အမျိုးသားအဆင့် ကျွမ်းကျင်မှုစံ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ စံနှုန်း သတ်မှတ်ချက်များနှင့်အညီ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိပါသည်။ ယင်းလက်မှတ်များသည် ပြည်တွင်း ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရေးနှင့် ကျွမ်းကျင်မှုအရည်အချင်းများနှင့်အညီ လုပ်ခလစာ ရရှိနိုင်ရေးတို့အတွက် အထောက်အကူပြုသည့် အသိအမှတ်ပြုလက်မှတ်များ ဖြစ်ပါသည်။

အသိပညာ၊ အတတ်ပညာ ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးကို အားပေးမြှင့်တင်ပေးလျက်ရှိပါသည်။ ပညာရေးတွင် အနည်းဆုံးအဆင့် KG+9 ပြီးဆုံးသည်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုကျွမ်းကျင်သူများ ဖြစ်လာစေမည့် အသက်မွေးဝမ်းကျောင်းပညာများကိုလည်း သင်ကြားပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်က ပိုင်ဆိုင်ထားသည့် သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်မြှင့်တင်၍ တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်း၊ ပြည်တွင်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်ပေးလျက်ရှိပါသည်။ အလုပ်သမားများ ဝင်ငွေတိုးတက်စေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းစေခြင်း၊ ကျွမ်းကျင်လုပ်သားများရရှိရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ လုပ်အားအခြေပြု ကုန်ထုတ်လုပ်ငန်းများ တိုးတက်များပြားလာစေရန် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ အလုပ်သမားများအတွက် လူမှုဖူလုံရေးအပါအဝင် အခြားအကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ပေးခြင်း၊ အလုပ်သမားရေးရာ အငြင်းပွားမှုများအား တရားမျှတစွာ ဖြေရှင်းပေးခြင်း စသည့် အလုပ်သမားများ၏ အကျိုးစီးပွားကို မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ဖြစ်သော ကျေးလက်နေပြည်သူများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသူများဖြစ်ကြပါသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးတို့အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် MSME များ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား**

နိုင်ငံတော်အနေဖြင့် လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရန်၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်ပညာရပ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန်နှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု စံချိန်စံညွှန်းသတ်မှတ်ချက်များကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်ရည်ရွယ်၍ ပြည်တွင်း၌ ကျွမ်းကျင်မှု ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိပါသည်။ ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူ လူငယ်လူရွယ်များအား ၂ နှစ်လျှင် တစ်ကြိမ် ကျင်းပသည့် အာဆီယံ ကျွမ်းကျင်မှု ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင်လည်း စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများနှင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ဖြင့် ကျောင်းပြင်ပရောက်နေသူများအတွက် အခြေခံသက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပါသည်။ ပညာရေးတစ်ပိုင်းတစ်စဖြင့် လုပ်ငန်းခွင်ရောက်ရှိနေသူများကိုလည်း ပညာသင်ယူမှုအခွင့်အလမ်းများ ရရှိစေရေးနှင့် ပညာရေးလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်ရေးတို့အတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုမှ အစပြုပြီး ပညာရေးလမ်းကြောင်းဆီသို့ ကူးပြောင်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် ၎င်းတို့ သွားရောက်လုပ်ကိုင်သည့် နိုင်ငံများမှ ဥပဒေအောက်တွင်သာနေထိုင်ကြရပြီး အချို့အလုပ်သမားများသည် မတရားသဖြင့် ဖိနှိပ်ခံရမှုများရှိသည်ဟု သိရှိရပါသည်။ ပြည်ပသို့ သွားရောက်လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌ လုပ်ကိုင်မည်ဆိုပါက ကြီးပွားတိုးတက်နိုင်မည့် အခွင့်အလမ်းများ ရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြမည့်အစား ပြည်တွင်း၌သာ အလုပ်လုပ်ကိုင်ကြပြီး နိုင်ငံသားအားလုံး နိုင်ငံတော်၏ အရိပ်အာဝါသအောက်တွင် ပျော်ရွှင်အေးချမ်းစွာဖြင့် နေထိုင်နိုင်စေရေး သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါသည်။

ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာနေထိုင်မှုဖြစ်စေရေးအတွက် ပြည်တွင်း ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ၏ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် Complaint Mechanism Center တစ်ခုစီဖွင့်လှစ်၍ အလုပ်သမားရေးရာကိစ္စများကို လက်ခံဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် သက်ဆိုင်ရာ နိုင်ငံသံရုံးများ၊ အေဂျင်စီများ၊ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန (Migrant Workers Resource Center) များ၊ သတင်းမီဒီယာများ၊ လူမှုရေးအဖွဲ့အစည်းများမှတစ်ဆင့် တိုင်ကြားမှုများကို လက်ခံဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာအလုပ်သမားအများစု သွားရောက်လုပ်ကိုင်နေကြသည့် ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများထား၍ ၎င်းတို့၏အခက်အခဲများကို သက်ဆိုင်ရာနိုင်ငံနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားကြီးများသည် လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုရရှိခံစားနိုင်ပြီး လူမှုဖူလုံရေးစနစ်အပေါ် ပြည်သူများ ယုံကြည်ကိုးစားမှု ပိုမိုတိုးပွားလာစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့သော ရည်ရွယ်ချက်ဖြင့် အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများ၊ ဌာနကြီး ဆေးခန်းများ၊ တိုင်းရင်းဆေးခန်းနှင့် ရွေ့လျားဆေးကုသယာဉ်များအပြင် စာချုပ်ဆေးခန်းများဖွင့်လှစ်ပြီး အာမခံအလုပ်သမားများအား ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်သမားများ ဘေးကင်းလုံခြုံ၍ ကျန်းမာရေးနှင့် ညီညွတ်သော လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နိုင်ခွင့်၊ ကျွမ်းကျင်မှုနှင့် ကြိုးစားအားထုတ်မှုတို့အပေါ် မူတည်၍ သင့်တင့်မျှတသော လုပ်ခလစာနှင့် လုပ်ငန်းခွင်တွင် တန်းတူညီမျှခွင့် စသည့် အခွင့်အရေးများ ရရှိရန် အလုပ်သမားဥပဒေများနှင့်အညီ စစ်ဆေးစည်းကြပ်ပေးလျက်ရှိပါသည်။

ထို့အပြင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ၂၀၁၉ ခုနှစ်မှစ၍ (၅)နှစ်စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိရာ စက်မှုကုန်ထုတ်ကဏ္ဍနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍတို့ကို ဦးစားပေးနယ်ပယ်အဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အရွယ်မတိုင်မီ ကျောင်းထွက်၍ အလုပ်လုပ်ကိုင်ကြခြင်းမှာ နိုင်ငံအနာဂတ်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ လျော့နည်းစေပါသဖြင့် ကလေးအလုပ်သမားပပျောက်ရေးကို အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုပါသည်။

နိဂုံးချုပ်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် အလုပ်သမားကြီးများအပါအဝင် နိုင်ငံသားအားလုံး၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် နေထိုင်နိုင်ရေး၊ ပြည်သူလူထု၏ အဓိကအခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးတို့တွင် အလုပ်သမားထုကြီး၏ အခန်းကဏ္ဍမှာ မြင့်မားစွာပါဝင်လျက်ရှိပါသည်။ ထို့အတွက် အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့ကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အလုပ်သမားကြီးများကလည်း တက်ကြွသည့် အားမာန်များဖြင့် နိုင်ငံကို အလှဆင်ပေးနိုင်ကြပါစေကြောင်းနှင့် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မ ဦးမင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲနှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သာသနာရေးဆိုင်ရာများနှင့်ပတ်သက်၍ လျှောက်ထားတင်ပြစဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ကို မင်္ဂလာစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

❑ *ရွှေဖုံးမှ*

အဆိုပါ သာသနာ့သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီး အောင်မြင်ပြီးမြောက်ခဲ့ခြင်း နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌအဘိဓဇမဟာရဋ္ဌဂုရုအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ဂဏာဓိပတိသောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရတို့ အမှူးပြုသည့် သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ပိဋကတ်တော်ဆောင် ဆရာတော်ကြီးများ၊ ပြည်ပနိုင်ငံအသီးသီးမှ သံဃရာဇာဆရာတော်ကြီးများအမှူးပြုသော ပြည်ပ သံဃာတော်များ၊ ပိဋကတ်အကျော်အမော်ဆရာတော်ကြီးများ၊ ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင် ဆရာတော်သံဃာတော်အရှင်သူမြတ်များ စုံစုံညီညီ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး နှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားအစီအစဉ် ပထမပိုင်းကို စတင်ကျင်းပပြုလုပ်ရာ ပိဋကသုံးပုံကို မင်္ဂလာဆင်ဖြူတော်ရတနာဖြင့် ပင့်ဆောင်၍ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြည်ညိုကြသည်။



ပိဋကသုံးပုံကို မင်္ဂလာဆင်ဖြူတော်ရတနာဖြင့် ပင့်ဆောင်၍ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြည်ညိုစဉ်။

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ဖွင့်ပွဲ**

ထို့နောက် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင် ဖွင့်ပွဲအခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတက မဟာမင်္ဂလာ မော်ကွန်းကျောက်စာတော်ကို မင်္ဂလာ စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က မော်ကွန်းကျောက်စာတော်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် မင်္ဂလာဆင်ဖြူတော်ရတနာဖြင့် ပင့်ဆောင်လာသည့် ပိဋကသုံးပုံကို လိုဏ်ဂူတော်အတွင်းသို့ ပင့်ဆောင်ချိန်၌ အတူတကွလိုက်ပါ၍ သတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး ဆရာတော်သံဃာတော်ကြီးများ ကြွရောက်လာမှုအား ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် ဆီမီးထွန်းညှိပူဇော်သည်။

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား**

ယင်းနောက် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီးနောက် လိုဏ်ဂူတော်ပတ်လည်ရှိ ခေါင်းလောင်း ၁၀၈ လုံးတို့ကို တစ်ပြိုင်တည်း ကိုးချက်ထိုး၍ ပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်ကြီးများ၊ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆဋ္ဌသင်္ဂါယနာတင် သမိုင်းဝင်မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးက သာရဏီယကထာကို မြွက်ကြားတော်မူပြီး သီတဂူဆရာတော်ကြီးက သမ္မောဒနီယကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ ဆဋ္ဌသင်္ဂါယနာတင် မဟာထေရ်မြတ်တို့အား ပူဇော်သောအားဖြင့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသနှင့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တပညာဝံသာဘိဝံသတို့က ဝိနယပိဋကတ်တော်ကို သင်္ဂါယနာ အမေးအဖြေပြုလုပ်ပြီး သံဃာတော်အရှင်သူမြတ်တို့က စုပေါင်းသံပြိုင်ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က သာသနာရေးဆိုင်ရာများနှင့်ပတ်သက်၍ လျှောက်ထားတင်ပြရာတွင် သာသနာ့သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီး အောင်မြင်ပြီးမြောက်ခဲ့ခြင်း နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးသို့ ကြွရောက်တော်မူလာကြသော သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ပိဋကတ်တော်ဆောင် ဆရာတော်ကြီးများ၊ ပြည်ပနိုင်ငံအသီးသီးမှ သံဃရာဇာ ဆရာတော်ကြီးများ၊

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ပိဋကတ်အကျော်အမော် ဆရာတော်ကြီးများ၊ ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင်ဆရာတော် သံဃာတော်အရှင်သူမြတ်အပေါင်းတို့ကို စုံစုံညီညီ ကျန်းမာချမ်းသာ ဖူးမြော်ကြည်ညိုခွင့်ရပါသဖြင့် သဒ္ဓါယိုဖိတ်ကုသိုလ်စိတ်များအတိုင်း မသိပွားများ ရပါကြောင်း၊ ထို့အပြင် တပည့်တော်တို့ နိုင်ငံတော်အစိုးရသစ်တာဝန်ယူချိန်တွင် ဤသို့သောအခမ်းအနားကြီးနှင့် ကြုံကြိုက်ရပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခွင့်ရရှိခြင်းနှင့် သံဃာ့ဝေယျာဝစ္စများ ဆောင်ရွက်ခွင့်ရရှိခြင်းတို့အတွက်လည်း အထူးပင်ဂုဏ်ယူဝမ်းမြောက်မိသည်ကို ဦးစွာ လျှောက်ထားအပ်ပါကြောင်း။

သင်္ဂါယနာတင်ခြင်းအဓိပ္ပာယ်မှာ ဗုဒ္ဓအဆုံးအမ တရားတော်များကို **“အညီအညွတ် စုပေါင်းရွတ်ဆို မှတ်တမ်းတင်ခြင်း”** ဟု တပည့်တော်များ မှတ်သားထားမိပါကြောင်း၊ မြတ်စွာဘုရားရှင်သည် သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ရောက်ရှိ ပွင့်ထွန်းတော်မူသည်မှ မဟာပရိနိဗ္ဗာန်စံဝင်သည်အထိ ၄၅ ဝါ ကာလပတ်လုံး မြွက်ဟထုတ်ဖော် ဟောကြားတော်မူခဲ့သည့် တရားတော်များသည် သတ္တဝါတစ်ဦးတစ်ယောက်မှအစ သတ္တဝါအများတို့နေထိုင်ရာလောကကြီး၌ ဓမ္မတရားထွန်းပရေး၊ အဓမ္မတရားများ ပယ်ရှားနိုင်ရေးအတွက်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**“ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်ကြီး ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့သော မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၊ ဥတ္တရကုရု စသော ကျောင်းဆောင်ကြီး လေးဆောင်၊ မဟာသိမ်တော်ကြီး၊ သုံးထပ်ဆွမ်းစားကျောင်းဆောင်၊ ပိဋကတ်ပုံနှိပ်တိုက်၊ ပိဋကတ်ပြတိုက်၊ မဟာနာယကကျောင်းတော်ကြီးနှင့် ဝိဇယမင်္ဂလာဓမ္မသဘင်တို့ကို ယခုဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် မဟာမင်္ဂလာ အခမ်းအနားကြီး ကျင်းပခြင်းမပြုမီ ကြိုတင်၍ ရှေးမူမပျက်ပြင်ဆင်မွမ်းမံခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်မွမ်းမံခြင်းများ ဆောင်ရွက်”**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီးတို့က သီတဂူဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီးတို့က မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဖြစ်ကြောင်း မှတ်သားမိပါကြောင်း။

ဗုဒ္ဓရှင်တော်မြတ် မြွက်ဟထုတ်ဖော် ဟောကြားခဲ့သော တရားတော်များသည် မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်စံရာကာလတွင်းပင် သာသနာတော်အတွင်းနေ ပုဂ္ဂိုလ်အချို့တို့၏ ထိပါးပုတ်ခတ်ခြင်းခံခဲ့ရပါကြောင်း၊ ထိုအခြေအနေကို သိမြင်တော်မူသော တပည့်ကြီးဖြစ်သည့် အရှင်မဟာကဿပမထေရ်မြတ်ကြီးက ဓမ္မသံဝေဂရတော်မူပြီး **“ငါ့ရှင်တို့ မတရားအဓမ္မဝါဒ မထွန်းပမီ၊ တရားဓမ္မ တားမြစ်ပိတ်ပင်ခြင်းမခံရမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ် အင်အားမကောင်းမီ၊ ဓမ္မဝါဒီပုဂ္ဂိုလ် အင်အားမနည်းမီ ဓမ္မဝိနယကို သင်္ဂါယနာတင်ကြကုန်စို့”** ဟု တိုက်တွန်းနှိုးဆော်တော်မူခဲ့ပြီး ပထမသင်္ဂါယနာတင်ရန် မိန့်မြွက်တော်မူခဲ့သည်ကို လေ့လာမှတ်သားဖူးပါကြောင်း။

မြတ်စွာဘုရားရှင်သည် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး ကျွတ်ထိုက်သောဝေနေယျသတ္တဝါအပေါင်းတို့ကို ၄၅ ဝါ ကာလပတ်လုံး ဟောဖော်ညွှန်ပြ ချေချွတ်တော်မူခဲ့ပါကြောင်း၊ ဘုရားရှင် သက်တော် ၈၀ အရွယ်တွင် မဟာပရိနိဗ္ဗာန်ပြုတော်မူပြီး သုံးလလေးရက်မြောက် ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့၊ ဝေဘာရတောင်နံပါး၊ လိုဏ်ဂူတော်ကြီးအနီးတွင် အရှင်မဟာကဿပမထေရ် အမှူးရှိသော ရဟန္တာအရှင်မြတ်ငါးရာတို့ ပထမသင်္ဂါယနာတင်တော်မူခဲ့သည်ကို မှတ်သားရပါကြောင်း။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး နှစ် ၁၀၀ အကြာတွင် အိန္ဒိယနိုင်ငံ၊ ဝေသာလီမြို့၊ ဝါလိကာရုံကျောင်းတိုက်ကြီး၌ အရှင်မဟာယသမထေရ်အမှူးရှိသော ရဟန္တာအရှင်မြတ် ၇၀၀ တို့ဖြင့် ဒုတိယသင်္ဂါယနာကို တင်တော်မူခဲ့ပါကြောင်း၊ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး ၂၃၅ နှစ်မြောက်တွင် အိန္ဒိယနိုင်ငံ၊ ပါဋလိပုတ်မြို့၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာ အရှင်မြတ် ၁၀၀၀ တို့ဖြင့် တတိယသင်္ဂါယနာကို တင်တော်မူခဲ့ကြောင်းနှင့် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး နှစ်ပေါင်း ၄၅၀ အကြာတွင် သီရိလင်္ကာနိုင်ငံ၊ မထုလ-မလယဇနပုဒ်၊ အာလောကလိုဏ်ဂူတော်ကြီး၌ အရှင်မဟာဓမ္မရက္ခိတမထေရ်အမှူးရှိသော ရဟန္တာအရှင်မြတ် ၅၀၀ တို့က စတုတ္ထသင်္ဂါယနာကို ပေထက်အက္ခရာတင်ခဲ့ကြသည်ကို လေ့လာမှတ်သားရပါကြောင်း။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီးတို့က တပ်ကုန်းမြို့ဦးကျောင်းတိုက်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

သာသနာတော်နှစ် ၂၄၁၅၊ ကောဇာသက္ကရာဇ် ၁၂၃၈ ခုနှစ်တွင် မိမိတို့ မြန်မာနိုင်ငံ၊ မန္တလေးမြို့၊ ရွှေနန်းတော်ပြာသာဒ်ဦး မြေနန်းတော်ရှိ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆရာတော်ကြီး ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်မြတ်အမှူးပြုသော သမ္မုတိသံဃာတော် ၂၄၀၀ တို့က မင်းတုန်းမင်းတရားကြီး၏ ပစ္စည်းလေးပါး အထောက်အပံ့ကိုခံယူကာ ပဉ္စမသင်္ဂါယနာတင်တော်မူခဲ့ကြပြီး ကျောက်ထက်အက္ခရာ တင်ခဲ့ကြပါကြောင်း၊ နှစ်ပေါင်း ၂၀၀၀ ခန့် လွန်ပြီးမှ ဆောင်ရွက်နိုင်ခဲ့သော သင်္ဂါယနာဖြစ်သော်လည်း မြန်မာနိုင်ငံအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ် ဖြစ်ပါကြောင်း။

သာသနာတော်နှစ် ၂၄၉၈၊ ကောဇာသက္ကရာဇ် ၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့မှစ၍ သာသနာတော်နှစ် ၂၅၀၀၊ ကောဇာသက္ကရာဇ် ၁၃၁၈ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့အထိ မန္တလေးမြို့၊ မိုးကောင်းတိုက်၊ ညောင်ရမ်းဆရာတော်ကြီးအမှူးပြုသော သံဃာတော် ၂၅၀၀ တို့က ဆဋ္ဌသင်္ဂါယနာတင်တော်မူခဲ့သည်မှာ ယခုအခါ နှစ်(၇၀) ပြည့်မြောက်ပြီဖြစ်ပါကြောင်း။

ဆဋ္ဌသင်္ဂါယနာတင်တော်မူရာ ဤမြေမြတ်မဟာကမ္ဘာအေးကုန်းမြေကြီးသည် ယခင်က အင်းစိန်ခရိုင်၊ သမိုင်းမြို့နယ်၊ ရေကူးရွာမရပ်ကွက်အတွင်းရှိ ရော်ဘာခြံကြီးဖြစ်ပြီး စုစုပေါင်း မြေဧရိယာ ၁၆၈ ဒသမ ၁၅၇ ဧကရှိပါကြောင်း၊ ထိုမြေပေါ်၌ ၁၉၅၀ ပြည့်နှစ်တွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ၁၉၅၃ ခုနှစ်တွင် ယခုအခမ်းအနားကျင်းပရာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးနှင့် ကျောင်းဆောင်ကြီး လေးဆောင်၊ သုံးထပ်ဆွမ်းစားဆောင်၊ မဟာသိမ်တော်ကြီး၊ ပိဋကတ်ပုံနှိပ်တိုက်၊ ဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံတို့ကို တည်ဆောက်ခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ပိဋကတ်တိုက်ကို တည်ဆောက်ခဲ့သည်ဟုသိရှိရပါကြောင်း။

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ဆဋ္ဌသင်္ဂါယနာတင်ပိဋကသုံးပုံ ကျမ်းစာအုပ်များကို ခဲစာလုံးဖြင့် စတင်ရိုက်နှိပ်ခဲ့သော ပုံနှိပ်စက်ကို ကြည့်ရှုစဉ်။

*စာမျက်နှာ ၅ မှ*

ထိုသို့ ကြိုတင်ဆောင်ရွက်ဖွယ်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင် ဖွင့်ပွဲအခမ်းအနားကို ၁၉၅၄ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ပြီး ညောင်ရမ်းဆရာတော်ကြီးက ဝန်ဆောင်အဖွဲ့ သံဃမဟာနာယကဥက္ကဋ္ဌ၊ ဗားကရာတောရဆရာတော်က အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆဋ္ဌသင်္ဂါယနာဒါယကာအဖြစ် နိုင်ငံတော် သမ္မတ ဒေါက်တာ ဦးဘဦး၊ ဆဋ္ဌသင်္ဂါယနာ ပစ္စယာနုဂ္ဂဟအဖြစ် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌ သူဌေးကြီး ဆာဦးသွင်တို့က ခံယူခဲ့ကြပါကြောင်း။

နိုင်ငံတော်သမ္မတ ဒေါက်တာဦးဘဦး၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊ နိုင်ငံတော် ရှေ့နေချုပ် ဦးချန်ထွန်း၊ အမျိုးသားစီမံကိန်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်း၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ ဆာဦးသွင်၊ ဒုတိယဥက္ကဋ္ဌ ဦးသိမ်းမောင်တို့က အခမ်းအနားတက်ရောက်ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခြင်း၊ ထောမနာ စာတမ်းများ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့သည်ဟု သိရှိရပါကြောင်း။

ထို့အပြင် ပြည်ပနိုင်ငံများဖြစ်သော ထိုင်း၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ လာအို၊ အိန္ဒိယ၊ နီပေါ၊ ဂျပန်နှင့် ဗြိတိန်စသော နိုင်ငံများမှ ဘုရင်မင်းမြတ်များ၊ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် အစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ တစ်ဦးချင်းကိုယ်စားလှယ်များ၊ ဗုဒ္ဓဘာသာဆိုင်ရာကိုယ်စားလှယ်များ၊ သံဃာ့ဂိုဏ်းအသီးသီးမှ ဂဏာဓိပတိ၊ ဂဏာ စရိယ၊ ဂဏာပါမောက္ခ၊ ဂဏနာယကပုဂ္ဂိုလ်များက သဝဏ်လွှာပေးပို့ခြင်း၊ အခမ်းအနားတက်ရောက်ခြင်း၊ သင်္ဂါယနာတင်လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းများကို သိရှိရသဖြင့်လည်း လွန်စွာဝမ်းမြောက်မိပါကြောင်း။

ပိဋကသုံးပုံပါဠိတော်ကို သင်္ဂါယနာတင်ရာတွင် ၁၉၅၄ ခုနှစ်၌ ပါဠိတော် ပထမသန္နိပါတ **(စုပေါင်း၊ စုဝေး၊ စိစစ်၊ အတည်ပြုခြင်း)**မှ ၁၉၅၆ ခုနှစ် ပဉ္စမသန္နိပါတ **(စုပေါင်း၊ စုဝေး၊ စိစစ်၊ အတည်ပြုခြင်း)** အထိ နှစ်နှစ်ခန့် ကြာမြင့်ခဲ့ပါကြောင်း။

ပါဠိတော်များကို သန္နိပါတ ၅ တန်ဖြင့် သင်္ဂါယနာတင်တော်မူပြီးနောက် အဋ္ဌကထာများကို ၁၉၅၆ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ သန္နိပါတ ၄ တန်ဖြင့်လည်းကောင်း၊ ဋီကာများကို ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိသန္နိပါတ ၂ တန်ဖြင့်လည်းကောင်း သင်္ဂါယနာဆက်လက်တင်တော်မူခဲ့သည်ဟု သိရှိရပါကြောင်း။

ထိုသို့ ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်ကြီး ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့သော မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၊ ဥတ္တရကုရုစသော ကျောင်းဆောင်ကြီးလေးဆောင်၊ မဟာသိမ်တော်ကြီး၊ သုံးထပ်ဆွမ်းစားကျောင်းဆောင်၊ ပိဋကတ်ပုံနှိပ်တိုက်၊ ပိဋကတ်ပြတိုက်၊ မဟာနာယကကျောင်းတော်ကြီးနှင့် ဝိဇယမင်္ဂလာဓမ္မသဘင်တို့ကို ယခုဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့် မဟာမင်္ဂလာအခမ်းအနားကြီး ကျင်းပခြင်းမပြုမီ ကြိုတင်၍ ရှေးမူမပျက်ပြင်ဆင်မွမ်းမံခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်မွမ်းမံခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ဆဋ္ဌသင်္ဂါယနာတင် ပါဠိတော်မူများကို နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံ ဩဝါဒခံယူ၍ ရွှေသုဝဏ်ဆရာတော်ကြီး ဘဒ္ဒန္တသဒ္ဓိယ ဦးဆောင်သောအဖွဲ့က စီမံထားသော ပိဋကသုံးပုံပါဠိတော်ကွန်ပျူတာမူ၊ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ပထမဆုံးပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ ဦးဆောင်သောအဖွဲ့က စီမံထားသော ပိဋကသုံးပုံပါဠိတော်၊ ရိုမန်အက္ခရာမူတို့ဖြင့် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်း၌ ကျောက်စာရေးထိုးထွင်းထုပူဇော်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ ထွင်းထုပူဇော်ရာတွင် ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မပိဋကတို့ကို မြန်မာ၊ ပါဠိ၊ ရိုမန်အက္ခရာတို့ဖြင့် ကျောက်စာရုံစေတီ ၇၂၀ ဆူ တည်ထားခဲ့ပြီး စေတီတော်တစ်ဆူလျှင် မြန်မာအက္ခရာ ပါဠိတစ်ဖက်၊ ရိုမန်အက္ခရာပါဠိ တစ်ဖက်ဖြင့် ကျောက်စာချပ်ရေ ၁၄၄၀ ကို ရေးထွင်းထားခြင်းဖြစ်ပါကြောင်း။

ထိုကျောက်စာရုံစေတီတော်များ ရွှေထီးတော်တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားကို မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့်အတူ ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်အဆင့် မဟာမင်္ဂလာအခမ်းအနားကြီးအဖြစ် ခမ်းနားထည်ဝါစွာ ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့အပြင် ကျောက်စာတော်မူများကို နိုင်ငံတကာအဆင့်မီ စာအုပ်ထုတ်ဝေနိုင်ရေးဆောင်ရွက်ခြင်း၊ Mobile Tablet များတွင် ထည့်သွင်း၍ ဒီဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်မှာ မြန်မာနိုင်ငံ၏ ပဉ္စမနှင့် ဆဋ္ဌသင်္ဂါယနာတင်တော်မူခြင်းများ၏ အောင်မြင်မှုကို သမိုင်းမော်ကွန်း ထပ်ဆင့်ရေးထိုးနိုင်ခြင်းဖြစ်ပြီး ဗုဒ္ဓမြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်မြတ်ကြီးကို ချီးမြှောက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်ကို လျှောက်ထားအပ်ပါကြောင်း။

ထို့အပြင် သင်္ဂါယနာလုပ်ငန်း၏ ပဓာနဖြစ်သော ပိဋကကျမ်းစာများကို ခဲစာလုံးမူမှ ကွန်ပျူတာမူအဖြစ်သို့ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအားလုံးတို့ကို အစုံလိုက် အတွဲလိုက် ပြန်လည်ရိုက်နှိပ်နိုင်ရေးကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ အဋ္ဌကထာ ၅၁ အုပ်ကို အစုံလိုက် ရိုက်နှိပ်ပြီးဖြစ်၍ ပရိယတ္တိဝန်ဆောင် ဆရာတော်အရှင်မြတ်များနှင့် ပရိယတ္တိစာသင်တိုက်ကြီးများသို့ လှူဒါန်းလျက်ရှိသည်ကို သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါရန် လျှောက်ထားအပ်ပါကြောင်း။

ဘုရားတပည့်တော်တို့ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အစဉ်တစိုက် ကြိုးပမ်းအားထုတ်တော်မူကြပါကုန်သော ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင်ဆရာတော် အရှင်သူမြတ်တို့က နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့အပေါ် တရားဓမ္မဖြင့် ချီးမြှင့်ထောက်ပံ့ခြင်း ဓမ္မာနုဂ္ဂဟဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က ဆရာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး လှူဒါန်းထောက်ပံ့ခြင်း ပစ္စယာနုဂ္ဂဟဖြင့်လည်းကောင်း ဆရာဒကာလက်တွဲညီစွာ ဆောင်ရွက်သွားပါက ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ကမ္ဘာတည်သရွေ့ သန့်ရှင်းတည်တံ့ပြန့်ပွားကာ ကမ္ဘာ့နိုင်ငံအသီးသီးသို့ တိုင်အောင် ထွန်းကားပြန့်ပွားမည်မှာ မလွဲကေန်အမှန်ပင်ဖြစ်ပါကြောင်း။

ဆရာတော်အရှင်သူမြတ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာ့ဝန်၊ ခန္ဓာ့ဝန်ကို လွယ်ကူချမ်းသာစွာ ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး နေလို၊ လလို ထွန်းလင်းတောက်ပနိုင်ရေးအတွက် ပြုသမျှသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှု အစုစုအဖြာဖြာသည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်းဖြစ်ပါစေရန် ဆုမွန်ကောင်းတောင်းတော်မူပါကြောင်း လျှောက်ထားတင်ပြသည်။

ယင်းနောက် သံဃာအပါး ၁၀၀၀ နှင့်အထက် ပရိယတ္တိစာသင်တိုက်ကြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် မစိုးရိမ်တိုက်သစ်၏ သဝဏ်လွှာ၊ အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက် မဟာဂန္ဓာရုံကျောင်းတိုက်၏ သဝဏ်လွှာ၊ သီရိလင်္ကာနိုင်ငံ သျှာမနိကာယကောတေချုပ်ပတာ အနုနာယက ဘဒ္ဒန္တကောဋ္ဌ ပိတိယေရာဟုလာထေရ်တို့၏ သဝဏ်လွှာများကို ဆရာတော်ကြီးများက ဖတ်ကြားတော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးတို့က သီတဂူဆရာတော်ကြီးထံသို့လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီးတို့က မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံသို့လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က တပ်ကုန်းမြို့ဦးကျောင်းတိုက်ဆရာတော်ကြီးထံသို့လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက ဆရာတော် သံဃာတော်အရှင်သူမြတ်များထံသို့လည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာ ဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ဆက်လက်၍ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲ၊ ဓာတ်ပုံပြခန်းများ ဖွင့်ပွဲမင်္ဂလာအခမ်းအနား**

ထို့နောက် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် အထူးပြပွဲ၊ ဓာတ်ပုံပြခန်းများ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ မင်္ဂလာအချိန်တွင် နိုင်ငံတော်သမ္မတက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ်ပြခန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့်အထိမ်းအမှတ် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၅၀ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ (ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်) မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား / သူများကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်၏ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၅၁ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား / သူ ၁၅၀၈ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၅၂ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ် မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထား သောအားဖြင့်လည်းကောင်း အကျဉ်းထောင် / အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသားအကျဉ်းသား / သူ ၁၁ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များ အပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဆိုင်ရာ အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးများ အထူးအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၃၀**

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများနှင့်စပ်လျဉ်း၍ အာဆီယံစီးပွားရေးအသိုက် အဝန်းကောင်စီဝန်ကြီးများ အထူးအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန အတွင်းရေးမှူး MA. CRISTINA A.ROQUE က ကြီးမှူး၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယ ဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားလျက်ရှိသည့် အခြေအနေများသည် အာဆီယံအတွက် စွမ်းအင် လုံခြုံရေးသာမက စားရေရိက္ခာစနစ်များ၊ ထောက်ပံ့ ရေးကွင်းဆက်များနှင့် စီးပွားရေးစွမ်းဆောင်ရည် များကိုပါ ထိခိုက်စေနိုင်သည့် စိန်ခေါ်မှုများဖြစ်ပေါ် စေပါကြောင်း၊ ကမ္ဘာ့စွမ်းအင်ဈေးကွက် မတည်ငြိမ်မှု များသည် စွမ်းအင်တင်သွင်းမှုအပေါ် အထူးမှီခိုနေရ သည့် နိုင်ငံများကို ထိခိုက်စေသဖြင့် နေရောင်ခြည် စွမ်းအင်၊ လေစွမ်းအင်နှင့် ရေအားလျှပ်စစ်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များတွင် ရင်းနှီးမြှုပ်နှံ မှုများကို ပိုမိုအရှိန်မြှင့်တင်သင့်ပါကြောင်း၊ ထို့ပြင် အရှေ့အလယ်ပိုင်းအကျပ်အတည်းသည် ကမ္ဘာ့ စားရေရိက္ခာ ထောက်ပံ့ရေးကွင်းဆက်နှင့် ဈေးနှုန်း တည်ငြိမ်မှုအပေါ် သက်ရောက်နိုင်မှုများနှင့် ပတ်သက်၍ ကုန်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်ခြင်းနှင့် သယ်ယူပို့ဆောင်ရေးစရိတ် မြင့်တက်လာခြင်းတို့သည် စားရေရိက္ခာတင်သွင်း ရသည့် စီးပွားရေးလုပ်ငန်းများအပေါ် ဖိအားဖြစ်စေပါ ကြောင်း၊ ထို့ကြောင့် အရေးပေါ်စားရေရိက္ခာ အရန် ထားရှိမှုများကိုမြှင့်တင်ခြင်း၊ ရာသီဥတုဒဏ်ခံနိုင် သော စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ကုန်သွယ်ရေးစီးဆင်းမှုများတွင် ဒေသတွင်းပူးပေါင်း ဆောင်ရွက်မှုများကို ခိုင်ခိုင်မာမာ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက အာဆီယံ အနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာလုပ်ငန်းစဉ် (၂၀၂၆-၂၀၃၀) အောက်ရှိ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်သွားရန်၊ မိတ်ဖက်နိုင်ငံ များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံ မှုများကို ပိုမိုတိုးမြှင့်သွား၍ အာဆီယံဒေသ၏ စွမ်းအင်ကူးပြောင်းမှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ သတင်းအချက်အလက်ဖလှယ်မှုနှင့် အရင်းအမြစ် များကို စုစည်းနိုင်မည်ဖြစ်ပါကြောင်း အကြံပြု ဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးတွင် ဒေသတွင်းစီးပွားရေး စွမ်းဆောင်ရည်နှင့် အနာဂတ်အလားအလာများ၊ အရှေ့အလယ်ပိုင်းဒေသ အခြေအနေများကြောင့် ဖြစ်ပေါ်လာနိုင်သော စီးပွားရေးသက်ရောက်မှုများနှင့် ကမ္ဘာ့စွမ်းအင်ဈေးကွက်၊ ထောက်ပံ့ရေးကွင်းဆက် များ၊ စားရေရိက္ခာလုံခြုံရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ကွန်ရက်ပြောင်းလဲမှုများ ကြောင့် အာဆီယံစီးပွားရေး၏ အဓိကကျောရိုးဖြစ် သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွား ရေးလုပ်ငန်းများ (MSMEs) အပါအဝင် ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအပေါ် အကူ အညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်း ယင်းပဋိပက္ခ၏ သက်ရောက်မှုများကို ဖြေရှင်းရန် အတွက် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များ အပေါ် အာဆီယံစီးပွားရေးအသိုက်အဝန်း ကောင်စီ ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာရှ ဖွံ့ဖြိုးရေးဘဏ်၊ အာဆီယံနှင့် အရှေ့အာရှ စီးပွားရေး သုတေသနအဖွဲ့၊ အာဆီယံစီးပွားရေးအကြံပေး ကောင်စီတို့မှ တာဝန်ရှိသူများက အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး အာဆီယံစီးပွားရေး အသိုက်အဝန်း ကောင်စီ၏ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခကြောင့် ဖြစ်ပေါ်လာသည့်စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက် မှုများနှင့်စပ်လျဉ်းသည့် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✪ *ကျောဖုံးမှ*

အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက် ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့်ဇနီး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်း စစ်ချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

အခမ်းအနား မစတင်မီ ဒုတိယသမ္မတ ဦးညိုစောက အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော် ကြီးအတွင်းရှိ မာရဝိဇယ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော် မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော် ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော် သည်။

ထို့နောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကောဝိဒထံမှ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့် ဧည့်ပရိသတ် များက ကိုးပါးသီလ ခံယူဆောက် တည်ကြပြီး သံဃာတော်အရှင်သူ မြတ်များ ရွတ်ပွားသရဇ္ဈာယ်တော် မူသော မေတ္တာသုတ်ပရိတ်တရား တော်များကို နာယူကြည်ညိုကြ သည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး ကဆုန်လပြည့် ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌမိတ္ထီလာမြို့ သာသနဝေပုလ္လ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးအား လည်း ကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်း နီနီအေးက နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော် ဆောင်၊ ဗဟန်းမြို့နယ် မဟာ ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော်ကြီးအား လည်းကောင်း လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

ဆက်လက်၍ ပြည်ထောင်စု တရားသူကြီးချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ နှင့်ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီး များ၊ အခမ်းအနား တက်ရောက် လာကြသူများက ဆရာတော်ကြီး များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုး တော်ဆောင်၊ ရန်ကုန်တိုင်းဒေသ ကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တ သိရီကဥ္စနာ ဘိဝံသထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေ ကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

အခမ်းအနား အပြီးတွင် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နှင့် အခမ်းအနားတက်ရောက်လာ ကြသူများက နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင် သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်များအား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်



**နေပြည်တော် ဧပြီ ၃၀**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီ တော်မြတ်ကြီး ပရိဝုဏ်တော် မြောက်ဘက်အရပ်ရှိ မဟာဗောဓိ ညောင်ပင်တော်များအား (၁၈)ကြိမ် မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခြင်း မင်္ဂလာ အခမ်းအနားကို ယနေ့ ညနေပိုင်း က ကျင်းပပြုလုပ်ရာ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများက မဟာ ဗောဓိ ညောင်ပင်တော်များကို ညောင်ရေသွန်းလောင်း ပူဇော် ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ ပြည် ထောင်စု စာရင်းစစ်ချုပ်၊ ပြည် ထောင်စုရာထူးဝင်အဖွဲ့ဥက္ကဋ္ဌနှင့် ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များ နှင့် တာဝန်ရှိသူများ၊ ဝတ်အသင်း အဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး များနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက် လာကြသူများက "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ကဆုန် ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ဖွင့်လှစ် ပြီး အခမ်းအနားမှူးက မဟာ ဗောဓိရုက္ခသိဥ္စန ပူဇာဂါထာတော် ကို ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများသည် မဟာဗောဓိ ညောင်ပင်များအား သတ်မှတ်ထားသည့် နေရာများ အလိုက် ညောင်ရေသွန်းလောင်း ပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြကာ လက်ယာ ရစ် လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားမှူး က အောင်ဆုမင်္ဂလာ အမျှဝေ စာတမ်းအားဖတ်ကြားပြီး ကုသိုလ် အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရ သည်။ **သတင်းစဉ်**

# ၁၃၇၈ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာအခမ်းအနား နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနဗိမာန်တော်၌ ဆင်ယင်ကျင်းပ

**နေပြည်တော် ဧပြီ ၃၀**

၁၃၇၈ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာအခမ်းအနားကို ယနေ့ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနဗိမာန်တော်၌ ဆင်ယင်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံရွှေကျောင်တိုက်သစ် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရီကဥ္စနာဘိဝံသ ကြွရောက်ချီးမြှင့်တော်မူပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာထွေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များနှင့် တရားနာသဒ္ဓါပရိသတ်များ တက်ရောက်ကြသည်။





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့် သဒ္ဓါပရိသတ်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်သစ် တိုက်အုပ်ဆရာတော်ထံမှ ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ ဓမ္မကထာ ဒေသနာတော်ကို ရိုသေလေးမြတ်စွာ နာယူကြစဉ်။

### ငါးပါးသီလခံယူဆောက်တည်

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်သစ် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရီကဥ္စနာ ဘိဝံသထံမှ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့် သဒ္ဓါပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ ဓမ္မကထာ ဒေသနာတော်ကို ရိုသေလေးမြတ်စွာ နာယူကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက ဓမ္မပူဇာ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က ကပ္ပိယကာရကအဖြစ် လက်ခံရယူသည်။

### ရေစက်သွန်းလောင်း အမျှပေးဝေ

ယင်းနောက် မဟာဝိသုဒ္ဓါရုံရွှေကျောင်တိုက်သစ် တိုက်အုပ်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား နေပြည်တော်၌ ကျင်းပ

**နေပြည်တော် ဧပြီ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးတို့က ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာထွေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့် ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ၊ အရာထမ်း အမှုထမ်းများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးတို့က မာရဝိဇယ ဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်း ပူဇော်ကြစဉ်။

### ကပ်လှူပူဇော်

ဦးစွာ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီးတို့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း အခမ်းအနားကိုကျင်းပရာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အခမ်းအနားမှူးက မဟာဗောဓိ ရုက္ခသိဉ္စနပူဇာ ဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။

### ညောင်ရေသွန်းလောင်း

ယင်းနောက် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သတ်မှတ်ထားသည့် နေရာများအလိုက် နေရာယူကြပြီး မဟာဗောဓိ ညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ဆက်လက်၍ မဟာဗောဓိညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်ကြပြီး မဟာဗောဓိညောင်ပင်တော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းအားဖတ်ကြားပြီး ကုသိုလ်အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယသမ္မတများနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် ဂန္ဓကုဋိတိုက်တော်များ၊ ကျောက်စာရုံ စေတီတော် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားစသည့် ဘုရား၊ ကျောင်း၊ ကန်၊ သာသနိက အဆောက်အအုံများကို လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး ကဆုန်လပြည့်ဗုဒ္ဓနေ့ သရုပ်ပြယာဉ်များကို လှည့်လည်ကြည့်ရှုကြသည်။

ကဆုန်လပြည့် (ဗုဒ္ဓနေ့)ကို ကဆုန်လပြည့် မာရ်အောင်နေ့ဟူ၍ ခေါ်စမှတ်ပြုကြပြီး ကဆုန်လပြည့်နေ့ရောက်တိုင်း ဘုရားအလောင်းဖွားမြင်သည့်အချိန်နှင့် တစ်ချိန်တည်း ဖြစ်တည်ရှင်သန်လာသည့် မူလမဟာဗောဓိပင်၏ ပင်ပွားဗောဓိပင်များကို မညှိုးနွမ်း စိမ်းလန်း ရှင်သန်စေရန်ဟူသော ဆန္ဒမွန်ဖြင့် ပရိဘောဂစေတီ ထိုက်သော ဗောဓိညောင်ပင်ကို သက်တော်ထင်ရှား မြတ်စွာဘုရား၏ မာရ်ငါးပါးကို အောင်မြင်တော်မူမှု အာရုံပြုရည်မှန်း၍ ညောင်ရေသွန်းဖျန်း လှူဒါန်းပူဇော်ခြင်း အမှုကို ပြုလုပ်ကြခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား ဒုတိယပိုင်းနှင့် ဓမ္မသဘင်အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၃၀

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား ဒုတိယပိုင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မဟာပါသာဏလိုဏ်ဂူ၌ ဆက်လက်ကျင်းပသည်။**

ဦးစွာ အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက ဩဝါဒကထာ မိန့်ကြား ချီးမြှင့်တော်မူသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဘိုးဒေါနကုန်းကျေးရွာ မဟာဝိဟာရကျောင်းတိုက် ဆရာတော်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အိန္ဒိယနိုင်ငံ နာလန္ဒာတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) မဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ရဝိန္ဒာပန့်သိ၊ သီရိလင်္ကာနိုင်ငံ မာဒီဟာနာမြို့ ကိုလံဘိုတက္ကသိုလ် ပါမောက္ခ(ငြိမ်း) မဟာသဒ္ဓမ္မဇောတိက ဒေါက်တာ အာစင်္ဂတိကရာနေ၊ ဘူတန်နိုင်ငံမှ ဆရာတော် ဘဒ္ဒန္တခန်ပို့ဦး ဂျင်နပ်ပြဲ၊ နီပေါနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တနိဂြောဓ၊ မက္ကဆီကိုနိုင်ငံမှ ဆရာတော် ဘဒ္ဒန္တနန္ဒိသေန၊ အမေရိကန်ပြည်ထောင်စုမှ ဆရာတော် ဘိက္ခုစိန္တိတနှင့် အင်ဒိုနီးရှားနိုင်ငံမှ ဆရာတော် ဒေါက်တာဘဒ္ဒန္တဘူဒိဥတ္တိမော ဒိဋ္ဌိသမ္ပန္နောတို့က မြတ်ဗုဒ္ဓနေ့ သဝဏ်လွှာများကို ဖတ်ကြားကြသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကုမာရ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(စစ်ကိုင်း)မှ လက်ထောက် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရ၊ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် (တောင်ငူ) မှ ပါမောက္ခချုပ် ဆရာတော်ဒေါက်တာဘဒ္ဒန္တတိက္ခသာရ၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိနှင့် ပန်းတစ်ပွင့်တောင်ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသာရတို့က မြတ်ဗုဒ္ဓနေ့ သဝဏ်လွှာများကို ဖတ်ကြားကြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက ဒုတိယနေ့ စာတမ်းဖတ်ပွဲ ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားတော်မူပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် ဓမ္မသဘင် ဆင်ယင်ကျင်းပခြင်း မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပသည်။

ဦးစွာ ဧည့်ပရိသတ်များက သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ထို့နောက် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ က ဆဋ္ဌသင်္ဂါယနာတင်ဆိုင်ရာ ဓမ္မကထာဒေသနာတော်များ ဟောကြားချီးမြှင့်တော်မူပြီး အလှူရှင်များက ဓမ္မပူဇာအလှူတော်ငွေများကို ကပ္ပိယကာရကထံ လွှဲအပ်လှူဒါန်းကြသည်။

ယင်းနောက် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရက ရေစက်သွန်း တရားချီးမြှင့်၍ ပရိတ်သတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ စာတမ်းဖတ်ပွဲ သဘာပတိဆရာတော်ကြီးများဖြစ်ကြသည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)၊ ဒုတိယပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဇောတိက၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)၊ ဒုတိယပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပဒုမသာရနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်၊ ဒုတိယ ပါမောက္ခချုပ်ဆရာတော်ဒေါက်တာ ဘဒ္ဒန္တနေ‌ာဓိဉာဏ၊ စာတမ်းရှင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး သဘာပတိဆရာတော်နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)၊ ဒုတိယပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဇောတိက က အဖွင့်ဩဝါဒကထာကို လည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)၊ ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပဒုမသာရက စာတမ်းများနှင့်စပ်လျဉ်း၍ ဩဝါဒကထာကိုလည်းကောင်း မိန့်ကြားချီးမြှင့်တော်မူကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ကိုးကွယ်မှုနှင့်သာသနာပြုဌာန၊ ဌာနကြီးမှူး ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဇနက က **"ဗျာဒိတ်တော်နှင့် ခရီးရှည်ပန်းတိုင်"** စာတမ်းကို လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မှ အဘိဓမ္မ ပိဋကမဟာဌာန၊ ပါမောက္ခ/ဌာနမှူး ဆရာတော် ဒေါက်တာ ဘဒ္ဒန္တထေရိန္ဒက **"ဘုရား အလောင်းတော်မြတ် ပဋိသန္ဓေယူ ဖွားမြင်တော်မူရာ၌ ထူးခြားဖြစ်ရပ်များ"** စာတမ်းကို လည်းကောင်း၊ သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်(စစ်ကိုင်း)မှ သုတေသနကျမ်းပြုဌာန၊ ပါမောက္ခဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏဝရ က **"မာရဝိဇယမြတ်ဗုဒ္ဓ၏ မာရ်နတ် အောင်မြင်တော်မူခန်းကို လက်တွေ့အသုံးချ ဗုဒ္ဓဘာသာ (Applied Buddhism) ရှုထောင့်ဖြင့် လေ့လာခြင်း"** စာတမ်းကို လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) မှ ဝိနယပိဋက မဟာဌာန၊ လက်ထောက်ကထိက ဆရာတော် ဘဒ္ဒန္တ သောဘိတ က **"မြတ်ဗုဒ္ဓပရိသတ်နှင့် မာရ်နတ်၏ အန္တရာယ်စက်ကွင်း"** စာတမ်းကို လည်းကောင်း ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများအလိုက် သိလိုသည်များကို မေးမြန်း လျှောက်ထားကြရာ စာတမ်းရှင် ဆရာတော်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က သဘာပတိဆရာတော်ကြီးများနှင့် စာတမ်းရှင် ဆရာတော်များအား စာတမ်းဖတ်ပွဲ အခမ်းအနား ဂုဏ်ပြုမှတ်တမ်းလွှာများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သဘာပတိအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်၊ ဒုတိယ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနေ‌ာဓိဉာဏ က စာတမ်းများနှင့်စပ်လျဉ်း၍ အနှစ်ချုပ် သုံးသပ်ချက် မိန့်ကြားချီးမြှင့်တော်မူပြီး အခမ်းအနားကို "ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု" သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# တံတားဦးမြို့နယ်၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့) တွင် သံဃာတော်(၁၀၈)ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူ

**တံတားဦး ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး တံတားဦး ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့ ဦးဆောင်မှုဖြင့် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ဆရာတော် သံဃာတော် (၁၀၈)ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းက တံတားဦးမြို့ ဂိုဏ်းထောက် ပရိယတ္တိစာသင်တိုက်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ် သံဃနာယက ဩဝါဒါစရိယ ဂိုဏ်းထောက်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကောသလ္လ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများလှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**ဆွမ်းဆန်စိမ်းလောင်းလှူ**

ဆက်လက်၍ ကဆုန်လပြည့် (ဗုဒ္ဓနေ့)အထိမ်းအမှတ် ပင့်လျှောက်၍ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော် (၁၀၈)ပါးအား ခရိုင်နှင့်မြို့နယ်အထိမ်းအမှတ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စေတနာရှင် အလှူရှင်များက ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ကြကြောင်း သိရသည်။



**မြို့နယ် (ပြန်/ဆက်)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစု ကေဒသမအကြိမ် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်

**နေပြည်တော် ဧပြီ ၃၀**

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ၁၂ လရာသီပွဲတော်တွင် တစ်ခု အပါအဝင်ဖြစ်သည့် မြန်မာ သက္ကရာဇ် ၁၃၇၈ ခုနှစ်၊ ကဆုန် လပြည့်ဗုဒ္ဓနေ့ဖြစ်သော ယနေ့ တွင်ကျရောက်သည့် ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ကေဒသမအကြိမ် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ဇေယျာသီရိမြို့နယ် လောက ချမ်းသာ ဆုတောင်းပြည့်အသင်း ဘုရားကြီး၌ ယနေ့ ညနေပိုင်း၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီး ကျော်စွာလင်း နှင့် ဇနီး ဒေါ်နန်းကူးကူ၊ ကာကွယ် ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ် ကြီး ထွန်းဝင်းနှင့်ဇနီး၊ ညှိနှိုင်း ကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီး များနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ် ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူတို့က လောက ချမ်းသာဆုတောင်းပြည့်အသင်း



ဘုရားကြီးအား ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်သည်။

ထို့နောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခြင်း မင်္ဂလာ



အခမ်းအနားကိုကျင်းပရာ "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့ဖွင့်လှစ်ပြီး အခမ်းအနား မှူးက မဟာဗောဓိရုက္ခသိဋ္ဌနပူဇာ ဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ သာဓုသုံးကြိမ် ခေါ်ဆိုကြသည်။

ယင်းနောက် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာ လင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည် များနှင့် မိသားစုများက သတ်မှတ် ထားသည့် နေရာများအလိုက် နေရာယူကြပြီး မဟာဗောဓိ ညောင်ပင်တော်အား ညောင်ရေ သွန်းလောင်းပူဇော်ကြကာ အမွှေး နံ့သာရည်များ ပက်ဖျန်းပူဇော် ကြ၍ မဟာဗောဓိညောင်ပင်တော် အား လက်ယာရစ် လှည့်လည် ပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက တောင်းဆုမင်္ဂလာ အမျှဝေစာတမ်း အားဖတ်ကြားပြီး ကုသိုလ်အမျှ ပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း ပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အဆိုပါ ကဆုန်ညောင်ရေ သွန်းပွဲတော်သည် မြန်မာ့ရိုးရာ ၁၂ လရာသီများအနက် ဒုတိယ လဖြစ်သော ကဆုန်လတွင်ကျင်းပ သည့် မြန်မာမင်းအဆက်ဆက်မှ ယနေ့ခေတ်တိုင်အောင် ကျင်းပ လာခဲ့သော မြန်မာ့ရိုးရာဘာသာ ရေး ပွဲတော်တစ်ခုဖြစ်ကြောင်း၊ ကဆုန်လပြည့်နေ့တွင် ဒီပင်္ကရာ မြတ်စွာဘုရားက ဂေါတမဘုရား အလောင်းတော် သုမေဓာရသေ့ ဘဝ၌ ဘုရားစင်စစ်ဖြစ်လိမ့်မည် ဟု ဗျာဒိတ်တော်ပေးခဲ့သောနေ့ ဖြစ်ခြင်း၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားအား ကဆုန် လပြည့် သောကြာနေ့တွင် ဖွားမြင် တော်မူခဲ့ခြင်း၊ ဂေါတမဘုရားရှင် သည် မဟာဗောဓိညောင်ပင် အောက်၌ သဗ္ဗညုတဉာဏ်တော် ကို ရရှိကာဘုရားအဖြစ်သို့ ရောက်ရှိ တော်မူခြင်း၊ ဂေါတမဘုရားရှင် သည် ကုသိနာရုံ၌ ပရိနိဗ္ဗာန် စံဝင် တော်မူခြင်းတို့ကြောင့် **"ဗျာဒိတ် ဖွားမြင် ဗောဓိပင်၊ စံဝင် နိဗ္ဗာန်နန်း"** ဟု မှတ်တမ်းပြုကြပြီး **ကဆုန်လပြည့် ဗုဒ္ဓနေ့**ဟူ၍ ဗုဒ္ဓ ဘာသာဝင်များက နေ့ထူးနေ့မြတ် အဖြစ် အထွတ်အမြတ်ထား၍ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပ ပူဇော်လေ့ရှိကြောင်း၊ ကဆုန်လသည် နွေရာသီ၏ အပူဆုံးလဖြစ်သဖြင့် မြတ်စွာ ဘုရားပွင့်တော်မူရာ ဗောဓိညောင် ပင်များ မညှိုးနွမ်းစေရန်နှင့် အေးမြစေရန်ရည်ရွယ်၍ အမွှေး နံ့သာရေများ ပက်ဖျန်းပူဇော်ကြ ခြင်းဖြစ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်အား တိုင်းစစ်ဌာနချုပ်အသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**နေပြည်တော် ဧပြီ ၃၀**

ကဆုန်လပြည်နေ့ဖြစ်သည့် ယနေ့ သည် ဘုရားအလောင်းတော် သုမေဓာရှင် ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်ဘုရားခြေတော်ရင်း ၌ နိယတဗျာဒိတ်ပန်း ဆင်မြန်း ခဲ့သောနေ့ဖြစ်ခြင်း၊ သိဒ္ဓတ္ထ မင်းသားအဖြစ် ဖွားမြင်သောနေ့ ဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်သည် ဗောဓိဟူသည့် သဗ္ဗညုတဉာဏ် တော်ကိုရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသော နေ့ဖြစ်ခြင်း နှင့် မြတ်ဘုရားပရိနိဗ္ဗာန်စံဝင် တော်မူသောနေ့ ဖြစ်ခြင်းတို့ ကြောင့် ဗုဒ္ဓဘာသာဝင် သူတော် စင်တို့အတွက် အလွန်ပင်ထူးခြား မွန်မြတ်သည့် နေ့ထူးနေ့မြတ် ဖြစ်သည်။

မဟာဗောဓိပင် ဆိုသည်မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသားဖွားမြင်တော်မူသောနေ့ တွင် အတူတကွ ဖြစ်ထွန်း ပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော် ခုနစ်ပါးထဲတွင် တစ်ပါးအပါအဝင် ဖြစ်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိစေရန် များစွာအထောက် အကူပြုခဲ့သည့်အတွက် မဟာ ဗောဓိပင်သည် ပရိဘောဂစေတီ ထိုက်သော စေတီတော်တစ်ဆူ လည်းဖြစ်ပါသည်။ ကဆုန်လ သည် မြေခာတ်တွင် ရေပြတ်လပ် သည့် နွေကာလဖြစ်သည့်အတွက် ဗောဓိပင်တော်များကို ကဆုန် ညောင်ရေ သွန်းလောင်းခြင်းသည် မဟာဗောဓိပင်များ စိမ်းလန်း စိုပြည်၍ အခက်အလက်တို့ ဝေဆာစေခြင်း၊ သက်တမ်းရှည်စေ ခြင်းနှင့် သက်တော်ထင်ရှားရှိသော ဘုရားရှင်အား ပူဇော်ရာရောက် ခြင်းတို့ကြောင့် တည်ငြိမ်အေးချမ်း ၍ သာယာဝပြောသော နိုင်ငံအဖြစ် တည်ရှိစေရုံသာမက နိုင်ငံသူ၊ နိုင်ငံသားများ အားလုံးကိုလည်း နှလုံးစိတ်ဝမ်းအေးချမ်းစေလျက် တူညီသော အကျိုးတရားများကို ဖြစ်ထွန်းစေမည်ဖြစ်သည်။

ကဆုန်ညောင်ရေ သွန်း လောင်းခြင်းသည် ညောင်ပင်များ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့ဆုတောင်းဘုရား၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲ ကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲ ကျင်းပစဉ်။

ကို ညှိုးနွမ်းခြောက်သွေ့ခြင်း မရှိဘဲ ရှင်သန်သကဲ့သို့ ဘုရားရှင် ၏ သာသနာတော်သည် ရှင်သန် လျက်ရှိနေမည်သာ ဖြစ်ပါကြောင်း နှင့် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ကဆုန်လပြည့်နေ့တွင် မဟာ ဗောဓိပင်ကို အမှီပြု၍ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိတော်မူ ခဲ့ခြင်းကြောင့် ဗုဒ္ဓဘာသာဝင်များ က မြတ်စွာဘုရားရှင်အား ရည်မှန်း အာရုံပြု၍ ကျင်းပလေ့ရှိသည့် မြန်မာ့ရိုးရာ ဆယ့်နှစ်လ ရာသီ ပွဲတော်များအနက် "ကဆုန် လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေ သွန်းပွဲတော်" ကို အစဉ်အလာ အရ ကျင်းပသည့်ပွဲတော်အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တိုင် ပင်ဖြစ်သည်။

ထိုသို့ ကဆုန်ညောင်ရေ သွန်းလောင်းပွဲများကို မြို့နယ် အသီးသီးရှိ ဘုရားပုထိုးစေတီ များ၌ ထုံးတမ်းစဉ်လာများအတိုင်း ယနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြရာ တိုင်းစစ် ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့ များ၊ ဒေသခံပြည်သူများ တက် ရောက်ကြပြီး သတ်မှတ်နေရာများ အလိုက် မဟာဗောဓိပင်များကို ညောင်ရေသွန်းလောင်းလှူကြ၍ အမွှေးနံ့သာရည်များ ပက်ဖျန်း ခြင်းများကို စည်ကားသိုက်မြိုက် စွာ ကျင်းပပြုလုပ်ကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ဘုရား၊ စေတီ၊ ပုထိုးများ ၌လည်း မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက် တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော် နှင့် ပရိတ်တရားတော်များ ရွတ်ပွား ပူဇော်ခြင်း၊ ညောင်ရေသွန်းလောင်း ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူ ခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီး ကျောင်းများ၌ ကုသိုလ်ဒါန သီလပွားများခြင်း စသည့် သူတော်ကောင်းတရား များကို အားထုတ်ဆောင်ရွက် ကြလျက် အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် စည်ကား သိုက်မြိုက်စွာ လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# ရောင်ဝါနေသို့ လင်းစေသော်

❖ အဘိဓမ္မ၊ ဝိနယနှင့်
သုတ္တန်မွေနှစ်၊ တရားစစ်တို့
ချန်ရစ်ဟောကြား၊ ငါ့ကိုယ်စားတည့်
တရားကိုလျှင်၊ ဆရာတင်လျက်
ဆင်ခြင်အားထုတ် ကျင့်ကြံတည်။
ဗုဒ္ဓမိန့်မြွက် မှာခဲ့သည်။
ပရိနိဗ္ဗာန် မစံမီ။

❖ ဓမ္မဝိနယ၊ တည်သမျှလျှင်
ဗုဒ္ဓသာသနာ၊ ရောင်ဝါထွန်းပြန့်
အရှည်သန့်စေ၊ တည်တံ့စေအပ်
ရည်သန်မှတ်ကာ
ကဿပမထေရ်၊ ကြီးမှူးပေလျက်
တေဒဂ်ရဟန္တာ၊ ရှင်ငါးရာတို့
ရာဇဂြိုဟ်တွင်၊ ပေါင်းစုတင်ကြ
ပထမသင်္ဂါယနာ ပွဲသဘင်။
ဝိနည်းပါဠိ ဦးစွာတင်။

❖ ဗုဒ္ဓါနုတ်ကပါဠ်
ပညတ်မူရာ၊ သိက္ခာပုဒ်များ
ပယ်နုတ်မပြု၊ ဖြည့်စွက်မှုကင်း
မူရင်းအတိုင်းသာ၊ ကျင့်သုံးရာဟု
ဝါဒသုံးရပ်၊ ချမှတ်ပေလျက်
ဓမ္မက္ခန္ဓာပေါင်း၊ ရှစ်သောင်းလေးထောင်
တူရာဆောင်ဘိ၊ သုံးစုညှိကာ
ပိဋကသုံးပုံ ဗုဒ္ဓအမွေ။
စတင်သတ်မှတ် နိုင်ခဲ့ပေ။

❖ ပထမမှ၊ အစပြုကာ
ဒုတိယနှင့်၊ တတိယအထိ
ပိဋကသုံးပုံ၊ အာဂုံနှုတ်တက်
လက်ဆင့်ကမ်းကာ၊ ထိန်းသိမ်းနာယူ
နှစ်မှုမကွဲ တစ်မူတည်း။
ပညာ,သတိ သမာဓိမြဲ။

❖ စတုတ္ထတွင်၊ ပေထက်တင်လျက်
ပဉ္စမသင်္ဂါယနာ၊ တင်သောခါဝယ်
ရတနာပုံနန်း၊ ရွှေမန်းမြို့တွင်း
မင်းတုန်းရာဇာ၊ နဂ္ဂဟာဖြင့်
သာသနာရှင်းသန့်၊ တည်တံ့ခိုင်မြဲ
မူမကွဲစေ၊ ရည်သန်ပေလျက်
ကျောက်ထက်အက္ခရာ၊ တင်ခဲ့ပါပေ
ချပ်ရေခုနစ်ရာ၊ နှစ်ဆယ့်ကိုးပါတည့်
မဟာလောက မာရဇိန်ဘုရား။
ကုသိုလ်တော်ကျောက်စာ လွန်ထင်ရှား။

❖ လွတ်လပ်ရေးရ၊ ပြီးကာလဝယ်
သာသနာ့နောင်ရေး၊ အရှည်တွေးလျက်
ကမ္ဘာအေးကုန်းမြေ၊ အောင်ဗွေချက်ချာ
မဟာပါသာဏတွင်ခေါ်၊ လိုဏ်ဂူတော်၌
ဖိတ်ခေါ်ဆုံကြ၊ ဗုဒ္ဓမွေမှန်
ငါးနိုင်ငံမှ၊ သံဃာအပါး
နှစ်ထောင့်ငါးရာ၊ စုံညီစွာလျှင်
ကျမ်းစာပိဋက၊ လေးဆယ်မျှကို
နှုတ်ရွရွတ်ချေ၊ စိစစ်ပေလျက်
မသွေတည်းဖြတ်၊ ပုံနှိပ်လတ်ခဲ့
ဆဋ္ဌသင်္ဂါယနာ ထိုအောင်ပွဲ။
ကဆုန်လပြည့် ဆင်ကာနွှဲ။
သာသနာ့အောင်ပွဲ မြန်မာ့ပွဲ။

❖ ရှေးနည်းတူစွာ၊ ယခုခါဝယ်
မာရဝိဇယ၊ ဘွဲ့လှရွှန်းသစ်
ကျောက်ဆစ်ရုပ်ပွား၊ ထံအပါး၌
တည်ထားပူဇော၊ ပါဠိ-ရိုမန်
နှစ်တန်ဘာသာ၊ အက္ခရာဖြင့်
ကျောက်စာထွင်းရေး၊ တစ်ထောင့်လေးရာ
လေးဆယ်ချပ်မျှ၊ ပိဋကသုံးပုံ
အာရုံချမ်းမြ၊ ကြည်ညိုရ၏
ဆဋ္ဌသင်္ဂါယနာ မူနှင့်အညီ။
ကမ္ဘာအရှည် ခိုင်ခံ့တည်။

❖ ယနေ့ခါကြုံ
ကဆုန်လပြည့်၊ ဗုဒ္ဓနေ့ဝယ်
ချမ်းမြေ့သာစွ၊ ဆဋ္ဌသင်္ဂါယနာ
မဟာအောင်ပွဲ၊ ရင်ထဲပြန်ပြောင်း
နှစ်ပေါင်းခုနစ်ဆယ်၊ ဂုဏ်ယူဖွယ်တည့်
ရည်ရွယ်နွဲ့ပျော်၊ တစ်ချိန်သော်က
မြန်မာ့မြေထက်၊ နှစ်ကြိမ်ဆက်တိုင်
တိုးတက်သာသနာ၊ လင်းလက်ဖြာစေ
သံဃာ,မင်းကောင်း၊ ပြည်သူပေါင်း၍
ကောင်းမွေမော်ကွန်း၊ သက်သေညွှန်းသည်
ထွန်းပသာသနာ၊ ဤမြေချာဝယ်
ရောင်ဝါနေသို့ လင်းစေသတည်း။
ဓမ္မစည်တီး မြိမ့်ညံဟည်း။
ပြည်လုံးချမ်းမြေ့ အေးစေသတည်း။ ။

**ဇော်မင်းမင်းဦး**
(၃၀-၄-၂၀၂၆)
ကဆုန်လပြည့်နေ့

*❊ ကျောဖုံးမှ*

စက်မောင်းဆီများကို လိုအပ်သည့်အချိန်တွင် လိုအပ်သောပမာဏ အတိုင်း ဝယ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၏ကြီးကြပ်မှုဖြင့် စက်သုံးဆီအရောင်းဆိုင်များတွင် စနစ်တကျစာရင်းရေးသွင်း ရောင်းချနိုင်ရေးကိုလည်း စီမံဆောင်ရွက် ထားရှိပါသည်။

ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများမြင့်တက်ခဲ့သော်လည်း ပြည်တွင်း စက်သုံးဆီဈေးနှုန်း များစွာမြင့်တက်သွားခြင်းမရှိစေရေးအတွက် နိုင်ငံတော်အစိုးရမှ ကြပ်မတ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အတွင်း စက်သုံးဆီဖူလုံမှုအနေဖြင့် ၆၀ ရက်စာလုံလောက်မှု ရှိပါသည်။ စက်သုံးဆီ ဝယ်ယူသုံးစွဲသူများအနေဖြင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူသိုလှောင်ခြင်းမပြုဘဲ လိုအပ်သည့်အချိန်တွင် လိုအပ်သည့် ပမာဏကိုသာ ဝယ်ယူသုံးစွဲခြင်းဖြင့် ကဏ္ဍအလိုက်အသုံးပြုမှုကို ထိရောက်စွာ စီမံခန့်ခွဲနိုင်မည် ဖြစ်ပါသည်။

စက်သုံးဆီဖြန့်ဖြူးနေမှု တည်ငြိမ်သည့်အခြေအနေသို့ ရောက်ရှိလာမှုအပေါ် ပျက်ပြားစေရန်ရည်ရွယ်၍ ကောလာဟလ မဟုတ်မမှန်သတင်းများ ပြည်ပမီဒီယာများသို့ ပေးပို့နေသူများရှိခြင်းနှင့် ပြည်ပမီဒီယာအချို့မှ ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် မမှန်ကန်သည့်ဓာတ်ပုံများ၊ သတင်းများ ထုတ်လွှင့်ဖြန့်ဝေခြင်းများရှိနေသော်လည်း ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် လက်ရှိအခြေအနေတွင် စက်သုံးဆီအရောင်းဆိုင်များ၌ စက်သုံးဆီဖြန့်ဖြူးမှုမှာ တည်ငြိမ်၍ ပုံမှန်အခြေအနေတွင်ရှိနေသည်ကို တွေ့ရှိရပါသည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီများကို ပြည်သူများအားလုံး ညီတူညီမျှ လုံလောက်စွာ သုံးစွဲနိုင်စေရေး အစဉ်တစိုက် စီမံဆောင်ရွက်နေမှုအပေါ် ယခုကဲ့သို့ ပြည်သူများ၏ အလေးအနက်ထား ပူးပေါင်းပါဝင်ဆောင်ရွက်မှုအား ကျေးဇူးအထူးတင်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ NEW DAY စက်သုံးဆီအရောင်းဆိုင်ကို ဧပြီ ၃၀ ရက်က မြင်တွေ့ရစဉ်။






## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးတိုင်များဖြင့် လှည့်လည်ပူဇော်

**နေပြည်တော် ဧပြီ ၃၀**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့အား ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများစုပေါင်း၍ ဆီမီးတိုင်များဖြင့် လှည့်လည်ပူဇော်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးပရိဝုဏ်နှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်တို့တွင် ကျင်းပသည်။

ဦးစွာ ဗျာဒိတ်တော်ခံယူတော်မူခြင်း၊ ဖွားမြင်တော်မူခြင်း၊ ဘုရားပွင့်တော်မူခြင်းနှင့် ပရိနိဗ္ဗာန်စံတော်မူခြင်း စသည့်သရုပ်ပြယာဉ်များဖြင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများသည် တပေါင်းကွင်းစုရပ်မှ စတင်ထွက်ခွာကြပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထိုမှတစ်ဆင့် သရုပ်ပြယာဉ်များကို ဘုရားဖူးပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း အပူဇော်ခံထားရှိကာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သတ်မှတ်လမ်းကြောင်းအတိုင်း လက်ယာရစ်လှည့်လည်ပူဇော်ကြကြောင်း သိရသည်။ **သတင်းစဉ်**

၁ - ၅ -၂၀၂၆ ရက်တွင် ကျရောက်သည့် မြန်မာ့မီးရထား၏ (၁၄၉)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# များများသယ် မြန်မြန်ပို့ မြန်မာ့မီးရထားကို မြှင့်တင်စို့

ညီညီ(ရထား)




ရန်ကုန်-ပြည်ရထားလမ်းအား ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် စတင်ဖောက်လုပ်ပြေးဆွဲခြင်းနှင့်အတူ မြန်မာနိုင်ငံ၌ ရထားလုပ်ငန်း ပေါ်ထွန်းခဲ့သည့် အချိန်မှစ၍ ယနေ့ဆိုလျှင် (၁၄၉) နှစ်မြောက် ရှိပြီဖြစ်သည်။ သမိုင်းကြောင်းရှည်လျားခဲ့သည့်ကာလအတွင်း ရထားပြေးဆွဲခြင်းလုပ်ငန်းဖြင့် ပြည်သူတို့အား တစိုက်မတ်မတ် ဝန်ဆောင်မှုပေးလျက်ရှိသည့် ရင့်ကျက်နေပြီဖြစ်သော နိုင်ငံပိုင်စီးပွားရေးဌာနကြီးတစ်ခုလည်း ဖြစ်ပါသည်။

သယ်ယူပို့ဆောင်ရေး ကဏ္ဍသည် ပြည်သူတစ်ဦးချင်းစီ၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့နှင့် ဆက်စပ်နေသကဲ့သို့ နိုင်ငံအတွင်း တောင်တန်း၊ ပြည်မဒေသအသီးသီးတွင် မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းသာယာဝပြောမှုများအပါအဝင် ကဏ္ဍအသီးသီးနှင့် ဆက်စပ်လျက်ရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။

**ခရီးသည်များစွာကို တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်နိုင်**

ရထားပို့ဆောင်ရေး လုပ်ငန်းသည် ကုန်စည်ပမာဏများစွာကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် တစ်နေရာမှ တစ်နေရာသို့ လွှဲပြောင်းပေးခြင်းနှင့် ခရီးသည်များစွာကိုလည်း အစုအပြုံလိုက် တစ်နေရာမှတစ်နေရာသို့ ပို့ဆောင်နိုင်စွမ်းရှိသော သယ်ယူပို့ဆောင်ရေးနည်းလမ်းဖြစ်ပါသည်။ ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွင်း ဒေသအသီးသီးကို လွှမ်းခြုံဆောင်ရွက်နိုင်ခြင်း၊ ခရီးဝေးပို့ဆောင်မှုများအတွက် ဈေးသက်သာခြင်း၊ မော်တော်ယာဉ်ပို့ဆောင်ရေးထက် အချိန်ပိုမြန်ခြင်း၊ အလွန်များပြားသောကုန်စည်များကို တစ်ချိန်တည်း တစ်ပြိုင်တည်း ပို့ဆောင်ရန် အသင့်လျော်ဆုံးသော လုပ်ငန်းဖြစ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု သက်သာခြင်း၊ အခြားသော ပို့ဆောင်မှုနည်းလမ်းများထက် ပိုမိုလုံခြုံမှုရှိသော သယ်ယူပို့ဆောင်ရေး နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။

ရထားပို့ဆောင်ရေး လုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံအတွက် မဟာဗျူဟာအရ အရေးကြီးသော လုပ်ငန်းဖြစ်ခြင်း၊ ရထားသည် ကားနှင့် နှိုင်းယှဉ်လျှင် တူညီသောကုန်စည်ပမာဏနှင့် အကွာအဝေးအတွက် လောင်စာဆီသုံးစွဲနှုန်း လေးပုံတစ်ပုံမှ ခြောက်ပုံတစ်ပုံသာရှိသဖြင့် လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို လျှော့ပါးစေခြင်း၊ ခရီးသည်အမြောက်အမြား သယ်ယူပို့ဆောင်နိုင်သဖြင့် ယာဉ်ကြောကျပ်တည်းမှုဖြစ်ပေါ်နေသော မြို့ကြီးများအတွက် မဖြစ်မနေ အသုံးပြုသင့်သော ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်ခြင်း စသည်တို့ကြောင့် နိုင်ငံအသီးသီးတွင် နိုင်ငံတော်အစိုးရက ရထားပို့ဆောင်ရေးလုပ်ငန်းအား ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်နေစေရန် နည်းအမျိုးမျိုးဖြင့် အထောက်အပံ့ပြုထားကြကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရထားပို့ဆောင်ရေးလုပ်ငန်းအား ခေတ်မီနည်းပညာများကို အခြေခံကာ ရင်းနှီးမြှုပ်နှံမှုများ အထပ်ထပ်ပြုလုပ်၍ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရပါသည်။

မိမိတို့နိုင်ငံအနေဖြင့် ယခင်ခေတ်အဆက်ဆက် အစိုးရအဖွဲ့အသီးသီးကလည်း ရထားပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ခဲ့ကြသလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူခဲ့သည့် အချိန်မှစ၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် နိုင်ငံတော်အဆင့် အခမ်းအနားများနှင့် ညှိနှိုင်းအစည်းအဝေးများတွင် လည်းကောင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးသည့် ခရီးစဉ်များတွင်လည်းကောင်း ရထားပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးကို အထူးအလေးထား အာရုံစိုက်၍ စီမံလမ်းညွှန်မှုများပေးခြင်း၊ အနီးကပ်စစ်ဆေးကြပ်မတ်မှုပေးခြင်းနှင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

**သုတေသနပြု၍ နည်းပညာများ လေ့လာပြီး ကြိုးပမ်းဆောင်ရွက်**

မြန်မာ့မီးရထား၏ စက်ခေါင်းစက်ရုံကြီးများ၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၊ ဘူတာရုံများနှင့် ရထားလမ်း အဆင့်မြှင့်တင်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းခွင်နယ်မြေများသို့ နိုင်ငံတော်အကြီးအကဲသည် ၁၁ ကြိမ်တိုင်တိုင် ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရထားလမ်းများ ကြံ့ခိုင်ကောင်းမွန်ရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာလိုက်နာ၍ ရေရှည်အတွက် ဦးစားပေး စဉ်းစားဆောင်ရွက်ရန်၊ ရထားစက်ခေါင်းနှင့် တွဲများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အသစ်တည်ဆောက်ခြင်း၊ ရထားလမ်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ထပ်မံတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းများတွင် ပြည်တွင်းမှ အင်ဂျင်နီယာပညာရှင်များကို အဓိကထား အသုံးပြု၍ နည်းပညာများ တိုးတက်ပြန့်ပွားအောင်ဆောင်ရွက်ရန်၊ အနာဂတ်တွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်၊ စက်ခေါင်းနှင့်တွဲများ တည်ဆောက်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ ပြင်ပမှ မှာယူတင်သွင်းဝယ်ယူနေမှုများကို တဖြည်းဖြည်းလျှော့ချပြီး ပြည်တွင်း၌ပင် ထုတ်လုပ်တည်ဆောက်နိုင်ရေး သုတေသနပြု၍ နည်းပညာများ လေ့လာပြီး ကြိုးပမ်းဆောင်ရွက်သွားရန် စသည့်လမ်းညွှန်မှာကြားမှုများ ပြုလုပ်ခြင်း၊ လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၁၀-၄-၂၀၂၆ ရက်နေ့က ကျင်းပခဲ့သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့၌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် **"ပြည်သူများ သွားလာမှု အဆင်ပြေလွယ်ကူစေဖို့အတွက် ပုံမှန်လမ်းကြောင်းများအတိုင်း သတ်မှတ်နှုန်းထားများနဲ့ ပြေးဆွဲပေးသော ခရီးသည်တင် ဝန်ဆောင်မှုဖြစ်တဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေး (Public Transportation)ကိုလည်း တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"** လို့ ထည့်သွင်းမှာကြားထားပါသည်။

ထို့အပြင် အဆိုပါနေ့၌ပင် နိုင်ငံတော်သမ္မတက နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား တွေ့ဆုံမှာကြားသည့် မိန့်ခွန်းတွင် **"ပို့ဆောင်ရေးကဏ္ဍမှာ များများတင်နိုင်ပြီး မြန်မြန်ပို့ဆောင်ပေးနိုင်မယ့် ကုန်ကျစရိတ်လည်းသက်သာစေတဲ့ မီးရထားကဏ္ဍကို မဖြစ်မနေမြှင့်တင်ကြရမှာဖြစ်ပါကြောင်း၊ ရထားလမ်းများကို အဆင့်မြှင့်တင်ပေးကြဖို့ လိုသလို စက်ခေါင်းများနဲ့ တွဲဆိုင်းများကိုလည်း ခေတ်မီအဆင့်မြှင့်လာအောင် ပြောင်းလဲဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ ပြည်တွင်းမှာပဲ စက်ခေါင်းများ၊ တွဲများ မဖြစ်မနေ ကိုယ်တိုင်တည်ဆောက် ထုတ်လုပ်ရမှာဖြစ်ပါကြောင်း၊ ယခု စတင်ပြောင်းလဲဆောင်ရွက်နေပြီဖြစ်တဲ့ စက်သုံးဆီလောင်စာသုံး စက်ခေါင်းတွေအစား ဘက်ထရီအားသုံးနိုင်တဲ့ စက်ခေါင်းတွေ သုံးစွဲနိုင်မယ်ဆိုရင် စက်သုံးဆီလိုအပ်ချက်ကို လျှော့ချနိုင်မှာဖြစ်သလို သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်မှုနည်းပြီး မြန်ဆန်မှုကအစ အကျိုးပြုလာမှာဖြစ်ပါကြောင်း၊ ဒါ့ကြောင့် မီးရထားကဏ္ဍကို ပြည်သူတွေအတွက် သယ်ယူပို့ဆောင်ရေးနဲ့ ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွေမှာ ယခုထက် ပိုမိုထိရောက်အောင်၊ အကျိုးရှိအောင် ပြည်သူက ယုံကြည်အားထားရတဲ့ ပို့ဆောင်ရေးဖြစ်အောင် ကြိုးစားမြှင့်တင်ဆောင်ရွက်သွားကြဖို့"** ထပ်လောင်း မှာကြားထားရှိပါသည်။ နိုင်ငံတော်သမ္မတကြီးက ရထားပို့ဆောင်ရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်စနစ်နှင့်အညီ မဟာဗျူဟာကျကျ သုံးသပ်ဆုံးဖြတ်ကာ စေတနာကောင်းဖြင့် တွန်းအားပေးမှာကြားထားခြင်းဖြစ်သည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

**(၁၄၉)နှစ်တာ ခရီးရှည်တစ်လျှောက် ပြည်သူ့အကျိုးအား ဖော်ဆောင်**

မြန်မာ့မီးရထားအနေဖြင့် ဖြတ်သန်းခဲ့ရသည့် (၁၄၉) နှစ်တာ ခရီးရှည်တစ်လျှောက်တွင် ခေတ်၊ စနစ်များ အမျိုးမျိုးအဖုံဖုံ ပြောင်းလဲခဲ့သော်လည်း မြန်မာ့မီးရထားသည် ပြည်သူ့အကျိုးအား တစိုက်မတ်မတ် ဖော်ဆောင်ထမ်းရွက်ခဲ့ပြီး ယနေ့ထက်တိုင် ဆက်လက်ရပ်တည်လျက် စဉ်ဆက်မပြတ် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုများပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်ပါသည်။ နိုင်ငံအနှံ့အပြား ပြည်သူများ၏ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေး၊ ရထားလမ်းအခြေခံအဆောက်အဦများ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြပါသည်။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က ဖြစ်ပွားခဲ့သည့် မြေငလျင်ဘေးဒဏ်ကြောင့် ရထားပြေးဆွဲရေး လုပ်ငန်းအပေါ် ကြီးမားသည့် ထိခိုက်မှုကြုံတွေ့ခဲ့ကြရသော်လည်း ရထားဝန်ထမ်းများ၏ ကြိုးပမ်းစွမ်းဆောင်ခဲ့မှုများကြောင့် ရထားများ အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရန် စွမ်းဆောင်ခဲ့မှုများကိုလည်း တွေ့မြင်ခဲ့ရပါသည်။ အဆိုပါ ပြင်းထန်မြေငလျင်ဒဏ်ကြောင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတလျှောက်နှင့် အခြားရထားလမ်းပိုင်းတို့တွင်ရှိသည့် ဘူတာရုံများ၊ *စာမျက်နှာ ၁၅ သို့*

> **"ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံတစ်ဝန်း သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သည်ဖြစ်ရာ မြန်မာ့မီးရထားတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းအပေါင်းတို့ကလည်း ရထားပို့ဆောင်ရေးလုပ်ငန်းတွင် အဓိကကျသည့် လုံခြုံစိတ်ချရမှု၊ အချိန်မှန်ကန်မှု၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်မှု စသည့်အချက်များကို အထူးအလေးထားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားကြစေလိုပါကြောင်းနှင့် တိုးတက်ပြောင်းလဲနေသည့် ခေတ်မီရထားလုပ်ငန်းနည်းပညာများကိုလည်း မျက်ခြည်မပြတ် လေ့လာ၍ ရထားပို့ဆောင်ရေးလုပ်ငန်းဖြင့် မိဘပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်လျက် မြန်မာ့မီးရထားဂုဏ်၊ နိုင်ငံ့ဂုဏ်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်"**

စာမျက်နှာ ၁၅ သို့





# ယနေ့ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကား

**နေပြည်တော် ဧပြီ ၃၀**

ယနေ့သည် ဂေါတမဘုရားအလောင်းတော်သုမေဓာရှင်ရသေ့ဘဝတွင် နိယတဗျာဒိတ်ခံယူသည့်နေ့၊ ဂေါတမဘုရားအလောင်းတော် ဖွားမြင်သည့်နေ့၊ ဂေါတမဘုရားအလောင်းတော် ဘုရားဖြစ်သည့်နေ့၊ ဂေါတမဘုရားရှင် ပရိနိဗ္ဗာန် စံဝင်သည့်နေ့ ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) ဖြစ်သည်နှင့်အညီ ဗုဒ္ဓဘာသာဝင်ပြည်သူများအနေဖြင့် နိုင်ငံတစ်ဝန်း၌ ပရိဘောဂစေတီထိုက်သည့် ဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်များ လောင်းလှူခြင်း၊ စတုဒိသာ ကျွေးမွေးခြင်း စသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးတွင် ယနေ့ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများ၊ ကုသိုလ်ကောင်းမှု ပြုကြသူများဖြင့် အထူးစည်ကားခဲ့သည်။

နံနက်ပိုင်းမှ စတင်ကာ အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် ဘုရားဖူးပြည်သူများသည် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်များကို ညောင်ရေသွန်းလောင်း ပူဇော်ကြပြီး ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများခြင်း၊ ဒါနကုသိုလ်ပြုခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် ဘုရားဖူးလာပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရှိ ဂန္ဓကုဋီတိုက်များ၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယ ကျောင်းတော်နှင့် သာသနာရေးဆိုင်ရာ အခမ်းအနားများကျင်းပရာ အဂ္ဂါဓိပတိ သာသနဗိမာန်တော်ကြီး၊ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်း တည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော် အဆူ ၇၂၀ တို့ကိုလည်း စိတ်ဝင်စားစွာ ဖူးမြော်လေ့လာ ကြည်ညိုကြသည်။

ထို့အတူ ပိဋကတ်တော်လာ အဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာ တည်ထားသည့် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကိုလည်း ကြည်ညိုစွာ ဖူးမြော်ကြသည်။

ညနေပိုင်းတွင် ဗျာဒိတ်တော်ခံယူတော်မူခြင်း၊ ဖွားမြင်တော်မူခြင်း၊ ဘုရားပွင့်တော်မူခြင်းနှင့် ပရိနိဗ္ဗာန်စံတော်မူခြင်း စသည့် သရုပ်ပြယာဉ်များဖြင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများသည် တပေါင်းကွင်းစုရပ်မှ စတင်ထွက်ခွာ၍ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်သို့ ဆက်လက်ထွက်ခွာပြီး မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ရပ်နား၍ ဘုရားဖူးပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် အပူဇော်ခံထားရှိကာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများသည် ဆီမီးတိုင်များ ကိုင်ဆောင်ကာ ရုပ်ပွားမြတ်ကြီးအား လှည့်လည်ပူဇော်ကြသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဗုဒ္ဓဂါယာ (နေပြည်တော်)၊ မဟာသကျရံသီ ရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင်ရွှေလက်လှစေတီတော်၊ ဓါတုစယ ဓာတ်ပေါင်းစုစေတီတော်၊ ရန်အောင်ချမ်းသာဘုရား၊ လေ့ခွင်းတောင် တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့် လောကမာရဇိန် စေတီတော်၊ သံသရာ ငြိမ်းအေးစေတီတော်၊ ဘုရားကိုးဆူ ကိုးခန်းကြီးဘုရား၊ လောကရန်နှိမ်စေတီ၊ လက်လုပ်တောင်စေတီ၊ ကိုးနဝင်းစေတီ၊ မြို့ပေါ်ရပ်ကွက်များရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ယနေ့နံနက်ပိုင်းမှစတင်၍ ကုသိုလ်ဘာဝနာ ပွားများကြသည့် ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားခဲ့သည်။

ကဆုန် လပြည့်နေ့တွင် ဘုရားဖူး လာရောက်ကြသူများကို ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ကူညီစောင့်ရှောက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကလည်း ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ကုသိုလ်ပြုနိုင်ရန် လုံခြုံရေးဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၁၄ မှ*

ရထားသွားလာရေးလုပ်ငန်း ဆောင်ရွက်သည့် ဆက်စပ်အဆောက်အဦအချို့ ပြိုကျပျက်စီးခြင်း၊ ရထားလမ်းမြေတာပေါင်များ ကွဲအက်ခြင်း၊ သံလမ်းများ တွန့်လိမ်ပျက်စီးခြင်းနှင့် အဓိကရေးဟောင်းတံတားကြီးဖြစ်သည့် စစ်ကိုင်းတံတားကြီးအပါအဝင် ရထားတံတားအချို့ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ရပါသည်။

မြန်မာ့မီးရထားအနေဖြင့် လူအင်အား၊ စက်ယန္တရားအင်အား၊ ထိရောက်သောထောက်ပံ့ပို့ဆောင်မှုများ အသုံးပြု၍ သတ်မှတ်စံချိန်စံနှုန်းနှင့် တိုင်းထွာတွက်ချက်မှုများကို အမြန်ဆုံးဆောင်ရွက်သွားနိုင်ခဲ့သည်ကိုလည်း တွေ့ရပါသည်။ မြေငလျင်လှုပ်ခတ်ပြီးနောက် ထိခိုက်ပျက်စီးသွားသည့် ရထားလမ်းပိုင်းများကို ၇ ရက်အတွင်း အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ခဲ့ပြီး ၅-၄-၂၀၂၆ ရက်နေ့မှစတင်ကာ ရန်ကုန်-မန္တလေး လူစီးရထားခရီးစဉ်များကို ပြန်လည်ပြေးဆွဲပေးနိုင်ခဲ့ပါသည်။ ၂၄-၈-၂၀၂၅ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် ထိခိုက်ပျက်စီးသွားသည့် သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား ၇၆ ရက်အတွင်း အမြန်ဆုံးပြီးစီးအောင် ပြုပြင်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း မြင်းကောင်ရေ ၁၃၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်း ခြောက်ခေါင်းကို ဘက်ထရီလျှပ်စစ်စက်ခေါင်း (Battery Electric Locomotive- BEL) အဖြစ် ပြောင်းလဲတည်ဆောက်နိုင်ခဲ့ပြီး အဆိုပါဘက်ထရီလျှပ်စစ်စက်ခေါင်း အသုံးပြုပြီး နေပြည်တော် - မန္တလေး ရထားခရီးစဉ်နှင့် ရန်ကုန်မြို့ပတ် ခရီးစဉ်များတွင် စတင်အသုံးပြုပြေးဆွဲပေးနိုင်ခဲ့ပါသည်။ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် ပြည်တွင်းရှိ အိုင်တီကုမ္ပဏီတစ်ခုမှ ကျွမ်းကျင်သူများ ပူးပေါင်း၍ ရထားလက်မှတ်များကို Online မှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်းစနစ် (Online Railways Ticketing and Payment - ORTP System) ကို တည်ဆောက်၍ ရန်ကုန်-နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းအတွင်း ပြေးဆွဲပေးလျက်ရှိသည့် လူစီးအမြန်ရထားများ၏ ရထားလက်မှတ်များရောင်းချပေးခြင်းကို ရှေ့ပြေးစမ်းသပ်မှုအစီအစဉ် (Pilot Project)အဖြစ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံတစ်ဝန်း သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သည်ဖြစ်ရာ မြန်မာ့မီးရထားတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းအပေါင်းတို့ကလည်း ရထားပို့ဆောင်ရေးလုပ်ငန်းတွင် အဓိကကျသည့် လုံခြုံစိတ်ချရမှု၊ အချိန်မှန်ကန်မှု၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်မှု စသည့်အချက်များကို အထူးအလေးထားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားကြစေလိုပါကြောင်းနှင့် တိုးတက်ပြောင်းလဲနေသည့် ခေတ်မီရထားလုပ်ငန်း နည်းပညာများကိုလည်း မျက်ခြည်မပြတ် လေ့လာ၍ ရထားပို့ဆောင်ရေးလုပ်ငန်းဖြင့် မိဘပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်လျက် မြန်မာ့မီးရထား ဂုဏ်၊ နိုင်ငံ့ဂုဏ်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ကြပါစေကြောင်း လေးနက်စွာ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ကဆုန်လပြည့် (ဗုဒ္ဓနေ့)၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် အထူးစည်ကားများပြား



**ရန်ကုန် ဧပြီ ၃၀**

ယနေ့သည် ဖွား၊ ပွင့်၊ ဟော၊ စံ ဗျာဒိတ်ခံသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ ကုသိုလ်ဒါနကောင်းမှုပြုကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၄၃) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲမှစ၍ ရွှေတိဂုံစေတီတော် ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို စေတီတော်ရင်ပြင်ရှိ ဩ့ခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဗုဒ္ဓပူဇာအဖြစ် ဗုဒ္ဓမြတ်စွာဘုရားရှင်အား အရုဏ်ဆွမ်းတော်ကြီးနှင့် ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပူဇော်ပြီး စေတီတော်မြတ်ကြီးအား မြတ်ဘုရား ရွှေတိဂုံဂါထာဖြင့် ရှိခိုးပူဇော်ခြင်း၊ နဝင်္ဂသီလခံယူဆောက်တည်ခြင်း၊ ဘုရားတရား၊ သံဃာဂုဏ်တော်များ ရွတ်ပွားပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ဆရာတော် ဘဒ္ဒန္တဇာဂရထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဩဝါဒါစရိယဆရာတော်ကြီးများနှင့်ပင့်သံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အလားတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ဆူးလေးစေတီတော်၊ရွှေဘုန်းပွင့်စေတီတော်၊ ဝရဒါဠာဓာတု စေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ မဟာဝိဇယစေတီတော်၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ သမိုင်းဝင် မဟာဓမ္မရုံသီအိမ်တော်ရာ စေတီတော်၊ ကျိုက္ကဆံစေတီတော်၊ဆုတောင်းပြည့်မယ်လမုစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားတို့၌လည်း သက်ဆိုင်ရာ စေတီတော်ဂေါပကအဖွဲ့ဝင်များ ကြီးမှူး၍ ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပကြရာ ဆရာတော်ကြီးများထံမှ သီလခံယူခြင်း၊ ပရိတ်တရားတော်နှင့် ရေစက်ချတရားများနာယူခြင်း ပြုလုပ်ကြပြီး ဘုရားဂေါပကအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းကြသည်။

ယနေ့ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာပြည်သူများအား အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြရာ အထူးစည်ကားလျက်ရှိသည်။

ဇော်မင်းလတ်(mna)



## စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပ

**နေပြည်တော် ဧပြီ ၃၀**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ကဆုန်ညောင်ရေသွန်းပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ် (၃၇)ရှိ ထီး(၃) လက် ဘုရားကုန်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်ဇနီးများ၊ ဒုတိယအမြဲတမ်း အတွင်းဝန်နှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဘုရားဆင်းတုတော်နှင့် ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာသူများကို စတုဒိသာညှော်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကဆုန်လပြည့်(ဗုဒ္ဓနေ့)၌ မန္တလေးမြို့အနှံ့ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းသူများ၊ ဆွမ်းဆန်စိမ်းလောင်းလှူ ကုသိုလ်ပြုသူများဖြင့် အထူးစည်ကား

**မန္တလေး ဧပြီ ၃၀**

ကဆုန်လပြည့် (ဗုဒ္ဓနေ့)သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များအတွက် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၌ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ပွဲများကျင်းပခြင်း၊ မန္တလေးမြို့လုံးအနှံ့တွင် ကုသိုလ်ရှင်များက ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်များ လောင်းလှူခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်း ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် အမှူးပြု၍ ဘုရားကြီးမျက်နှာသစ်တော် ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရဟန်းရှင်လူပြည်သူများ ဓမ္မစကြာဝတ်အသင်းများ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများက ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်း ကပ်လှူပူဇော်ခြင်း၊ ခုနစ်နေ့နံ ဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်းများအပြင် မဟာမုနိပရိဝုဏ်အတွင်း အင်္ဂါထောင့်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ မန္တလေးတောင်ခြေရှိ မဟာဗောဓိညောင်ပင်တွင်လည်း ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပရာ ညောင်ရေသွန်းလောင်းပူဇော်ကြသူများနှင့် ဘုရားဖူးလာပြည်သူများကို အလှူရှင်များက အအေးစတုဒိသာများဖြင့် ပြန်လည်တိုက်ကျွေး ကုသိုလ်ပြုကြသည်။

ညနေပိုင်းတွင်လည်း မြို့နယ်၊ ရပ်ကွက်များရှိ ဘုရားများတွင် စိုက်ပျိုးထားရှိသည့် မဟာဗောဓိညောင်ပင်များ၌လည်း ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကာ ကုသိုလ်ကောင်းမှု ပြုလုပ်သူများဖြင့် မန္တလေးမြို့လုံးအနှံ့ စည်ကားလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



# တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် အင်းတော်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်

**နေပြည်တော် ဧပြီ ၃၀**

တပ်မတော် စစ်ကြောင်းများက အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသော အင်းတော်မြို့နှင့် အဆိုပါဒေသ တစ်ဝိုက်အား ယနေ့တွင် အလုံးစုံ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့၊ ရွာများ၌ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်အတွက် ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စက်ရုံ၊ အလုပ်ရုံများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများတွင် ယာယီခံစစ်များ ပြုလုပ်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်းများကြောင့် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့် ၎င်းတို့၏ တိုက်တာအိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထို့ကြောင့် တပ်မတော် စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့၊ ရွာများအား ပြန်လည်ရရှိရေးအတွက် လိုအပ်သည့် စုဖွဲ့မှုများကို စနစ်တကျ ဆောင်ရွက်ပြီး တုံ့တိုက်တိုက်ကျားကိုက်ကိုက် စိတ်ဓာတ်များဖြင့် ပစ်ခတ်မှုနှင့် စစ်ကစားမှုကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး ပြန်လည်ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသော မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း လမ်းကြောင်းနှင့် တကောင်းမြို့တို့အား ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည့် သတင်းများအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ တပ်မတော် စစ်ကြောင်းအနေဖြင့် အောင်မြင်မှုများ ဆက်တိုက်ရရှိလာမှုများနှင့်အတူ တိုက်စစ်အဟုန်များ မြှင့်တင်ပြီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော လက်ကျန်မြို့၊ ရွာများအားပြန်လည်ရရှိရေးအတွက် ပစ်ခတ်မှုနှင့် စစ်ကစားမှုကို ဟန်ချက်ညီညီ ပေါင်းစပ်တိုက်ခိုက်ခဲ့ရာ တကောင်းမြို့နှင့် ထီးချိုင့်မြို့သို့ ဆက်သွယ်ထားသော လမ်းကြောင်းအား မတ် ၂၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တပ်မတော်စစ်ကြောင်းများသည် ထီးချိုင့်မြို့မှ ကသာမြို့သို့ အဆင့်ဆင့် ချီတက်ရှင်းလင်းခဲ့ကြသည်။

ထို့နောက် တပ်မတော် စစ်ကြောင်းများသည် အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသော အင်းတော်မြို့အား ပြန်လည်ရရှိရေးအတွက် ကသာမြို့၌ လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများ ဆောင်ရွက်ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရမည့် တပ်မတော်သားများ ဖြစ်သည်နှင့်အညီ စစ်ကြောင်းများခွဲကာ ပစ်ခတ်မှုနှင့်စစ်ကစားမှုကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး ပြန်လည်တိုက်ခိုက်ခဲ့ရာ ပင်းမလွတ်ရွာအား ၂၀၂၆ ခုနှစ် ဧပြီ ၂၄ ရက်တွင်လည်းကောင်း၊ နဘားလမ်းဆုံနှင့် နဘားရွာအား ဧပြီ ၂၉ ရက်တွင်လည်းကောင်း၊ ကန်းနီရွာ၊ နားရခေါင်ရွာ၊ ကြာအင်းရွာ၊ ကျွန်းတောရွာနှင့် ကူဆိပ်ရွာတို့အား ဧပြီ ၃၀ ရက် ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ အင်းတော်မြို့အား ယနေ့ညနေပိုင်းတွင် လည်းကောင်း အသီးသီး ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး ယနေ့တွင် အင်းတော်မြို့နှင့် ပတ်ဝန်းကျင်ဒေသ တစ်ဝိုက်အား အလုံးစုံ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အင်းတော်မြို့အား အလုံးစုံ ပြန်လည်သိမ်းပိုက်ထိန်းချုပ်စဉ်။

တပ်မတော်စစ်ကြောင်းများက အင်းတော်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကို ပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ခုနစ်ရက်အတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ထိတွေ့မှု စုစုပေါင်း ၁၇ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၃၃ လောင်း၊ လက်နက်မျိုးစုံ ၁၈ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်သားအချို့ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက် ပူးပေါင်းအဖွဲ့များအနေဖြင့် အင်းတော်မြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ခေတ္တစိုးမိုးထားစဉ် မြို့/ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများ ဆောက်လုပ်ပြီး တပ်မတော် စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့ကြသဖြင့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ တိုက်တာအိုးအိမ်၊ စည်းစိမ်များကို စွန့်လွှတ်၍ တိုက်ပွဲဖြစ်ပွားမှုကင်းလွတ်ရာ နေရာများသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရပြီး ကျောင်းနေအရွယ်ကလေးလူငယ်များသည်လည်း ပညာသင်ကြားခွင့်များ ဆုံးရှုံးခဲ့ကြရသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် လူနေတိုက်တာအိုးအိမ်များ၊ လမ်းတံတားများ၊ ဌာနဆိုင်ရာ အဆောက်အအုံများကို ပြင်ဆင်ခြင်း၊ အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းများနှင့် အဆောက်အအုံများအကြား အကြမ်းဖက် ပူးပေါင်းအဖွဲ့များ ထောင်ထားသည့် မိုင်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များကို အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စာသင်ကျောင်းများအား အမြန်ဆုံး ပြန်လည်ပြုပြင်ပြီးစီးပါက ကျောင်းနေအရွယ် ကလေးလူငယ်များ အားလုံး စာသင်ကြားနိုင်ရေး ဦးစားပေးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် NUG၊ CRPH တို့၏ သွေးထိုးမြှောက်ပင့်မှုများကို နားယောင်ပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်းများသည် အဆိုပါဒေသအတွင်း နေထိုင်လျက်ရှိသော ဒေသခံပြည်သူ လူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများတွင် များစွာနောက်ကျစေသဖြင့် နိုင်ငံတော်နှင့် ဒေသအတွက် အမှန်တကယ် အကျိုးပြုလိုပါက နီးစပ်ရာလုံခြုံရေးစခန်းများနှင့် ချိတ်ဆက်၍ အလင်းဝင်ရောက်သင့်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။




တပ်မတော်စစ်ကြောင်းများက မြို့တော်ခန်းမအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက မြို့နယ် ပညာရေးမှူးရုံးအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဧပြီ ၃၀**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိနယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ကလေးတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# အမျိုးသားတစ်ဦးကို ပင်လယ်ပြင် ကျားဖောင်လုပ်ငန်း၌ အဓမ္မအလုပ်ခိုင်းစေပြီး ရရှိသောလုပ်အားခငွေများ ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဧပြီ ၃၀**

အမျိုးသားတစ်ဦးကို ပင်လယ်ပြင် ကျားဖောင်လုပ်ငန်း၌ အဓမ္မ အလုပ်ခိုင်းစေပြီး ရရှိသောလုပ်အားခငွေများအား ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် အမျိုးသားတစ်ဦးကို လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်နေသည့် Video File ပျံ့နှံ့နေမှုနှင့် ပတ်သက်၍ စိစစ်ဆောင်ရွက်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နေ ဦး -----၊ ၄၄ နှစ်သည် ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးကားဝင်းမှ မင်းလှမြို့သို့ ပြန်ရန် ကားစောင့်နေစဉ် အမည်မသိ အမျိုးသားတစ်ဦးက မွန်ပြည်နယ် ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာတွင် ငါး၊ ပုစွန်ရွေးသည့် အလုပ်လုပ်ကိုင်လိုပါက ရေးမြို့သို့ ထွက်ခွာသည့်ကားဖြင့် လိုက်သွားနိုင်ကြောင်း ပြောသဖြင့် လိုက်ပါသွားခဲ့ရာ ရေးမြို့ ဇီးဖြူသောင်ကျေးရွာထိပ်တွင် ကားရပ်ပေးသဖြင့် ကားပေါ်မှ ဆင်းခဲ့ရာ ကားဂိတ်အနီးနေအိမ်တစ်ခုမှ ဦးမင်းနိုင်ဆိုသူက ထွက်လာပြီး အလုပ်လုပ်ကိုင်လိုပါက ငါး၊ ပုစွန်ရွေးသည့် အလုပ်ရှိကြောင်းပြောသဖြင့် ၎င်းက အလုပ်လုပ်ရန် ဦးမင်းနိုင်၏ နေအိမ်တွင် တစ်ညအိပ်ခဲ့ကြောင်း။

နောက်တစ်နေ့တွင် ဦးမင်းနိုင်က အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်သွားခဲ့ပြီး စာရွက်တစ်ခုပေါ်တွင် လက်မှတ်ထိုးခိုင်းသဖြင့် စာမဖတ်ကြည့်ဘဲ လက်မှတ်ရေးထိုးပေးခဲ့ကြောင်း၊ ထို့နောက် ဦးမင်းနိုင်က ၎င်းအား ကျားဖောင်ပေါ်တွင် ငွေအသုံးမလို၍ လုပ်အားခ ငွေကျပ် ၁၀ သိန်းနှင့် မှတ်ပုံတင်အား ၎င်းမှသိမ်းဆည်းပေးထားမည်ဟု ပြောဆို၍ ကျားဖောင်တစ်ခုပေါ်သို့ ပို့ဆောင်ခဲ့ရာ ကျားဖောင်ပေါ်တွင် ဖောင်ဦးစီး ဦးစိုးပိုင်နှင့် အခြားဖောင်လုပ်သားများကို တွေ့ရှိခဲ့ရကြောင်း၊ ၎င်းမှာ ကျားဖောင်ပေါ်တွင် ထမင်းချက်၊ ပုစွန်ပြုတ်၊ ပုစွန်အကြီး အသေးရွေးသည့်အလုပ်နှင့် ထမင်းချက်သည့် အလုပ်ကို နေ့စဉ်လုပ်ကိုင်ရပြီး ကျန်အလုပ်များလည်း ကူညီလုပ်ကိုင်ရကြောင်း၊ အလုပ်ပင်ပန်းပြီး မအိပ်ရသည့် ရက်များလာသဖြင့် ၁၀ ပိဿာခန့်ရှိ ပုစွန်များ နေလှန်းရန် ကျားဖောင်အပေါ်သို့ ဆွဲတင်ရာတွင် ၎င်းမှ အောက်ကပင့်တင်ပေးသည့်အလုပ်အား လုပ်ခိုင်းရာ မတင်နိုင်သဖြင့် ကျားဖောင်ဦးစီး ဦးစိုးပိုင်က အပြစ်ပေးသည့်အနေဖြင့် ထမင်း ၄/၅ ရက်ခန့် မကျွေးသဖြင့် ကျားဖောင်ပေါ်တွင် အကောင်သေး၍ ပယ်ထားသော ငါး၊ ပုစွန်များသာ စားသောက်ခဲ့ရကြောင်း။

ပုစွန်ပင့်တင်ပေးသည့် အလုပ်အား ထပ်မံခိုင်းရာ မလုပ်နိုင်သဖြင့် ဖောင်ဦးစီး ဦးစိုးပိုင်က ကြိုးတုပ်၍ ဝါးရင်းတုတ်ဖြင့်ရိုက်ခြင်း၊ ပုစွန်ရွေးရာတွင် အနည်းငယ်ကျန်သဖြင့် ပါးစပ်ဖြင့်ကိုက်ကာ ကျားဖောင်ပေါ်မှ လွှင့်ပစ်ခိုင်းခြင်း၊ ခွေးကဲ့သို့ အူခိုင်းခြင်း၊ ကျားဖောင်ပေါ်တွင် အသုံးပြုသည့် နိုင်လွန်ကြိုးဖြင့် ရိုက်နှက်ခြင်း၊ နားနှစ်ဖက်အား လက်သီးဖြင့် ထိုးခြင်း၊ မျက်နှာအား ခြေထောက်ဖြင့်ကန်ခြင်းများ ပြုလုပ်သဖြင့် ဝဲဘက်နဖူးကွဲခြင်း၊ မျက်ခုံးကွဲခြင်း၊ ဦးခေါင်းထိပ်ကွဲခြင်း၊ ဝဲလက်ဖျံ ရိုးကျိုးခြင်း၊ အပေါ်သွား ငါးချောင်း၊ အောက်သွား နှစ်ချောင်း ကျိုးခြင်း စသည့်ညှဉ်းပန်းနှိပ်စက်ခြင်းများ ခံခဲ့ရကြောင်း၊ ခြောက်လခန့်အကြာ ကျားဖောင်ပေါ်မှကမ်းသို့ ပြန်လည်ရောက်ရှိသဖြင့် ဦးစိုးပိုင်၏ ရိုက်နှက်မှုကြောင့် ရရှိသောဒဏ်ရာများကို ဆေးကုသခဲ့ပြီး ဦးမင်းနိုင်၏ နေအိမ်သို့ သွားရောက်ခဲ့ရာ နေအိမ်မှာ သော့ပိတ်ထားသဖြင့် လုပ်အားခငွေများနှင့် မှတ်ပုံတင်တို့ မရရှိခဲ့ဘဲ ရွာသို့ပြန်ခဲ့ကြောင်း၊ ရွာသို့ ပြန်ရောက်ခဲ့ပြီး ၎င်းအား ဖောင်ဦးစီး ဦးစိုးပိုင်က ညှဉ်းပန်းနှိပ်စက်သည့် Video File မှာ အွန်လိုင်းပေါ်တွင် ပျံ့နှံ့လျက်ရှိကြောင်း စိစစ်သိရှိရသဖြင့် အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မော်လမြိုင်) မှ တရားလို ပြုလုပ်တိုင်တန်းခဲ့ရာ ရေးမြို့မရဲစခန်း(ပ)၅၈/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဧပြီ ၂၇ ရက်တွင် ရေးခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မင်းနိုင်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ စိုးပိုင် အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## "တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း"

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါ အခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍ သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာ ဖြစ်သော info@mnhrc.org.mm တို့မှ တစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည် ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၃၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဧပြီ ၃၀**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့် ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၃၈၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ကဆုန်လပြည့် (ဗုဒ္ဓနေ့)၌ မြို့နယ်အသီးသီးတွင် ကဆုန်ညောင်ရေသွန်းလောင်းပွဲများ ကျင်းပ



**ဘိုကလေး**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ရန်ပြေမာန်ပြေအောင်စကြာစေတီတော်ဝင်းအတွင်း၌ ယနေ့ ကဆုန်လပြည့် (ဗုဒ္ဓနေ့) နံနက် ၆ နာရီခွဲမှစတင်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှကြီးမှူး၍ ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအား စည်ကားသိုက်မြိုက်စွာကျင်းပရာ နံနက် ၉ နာရီ၌ ရန်ပြေမာန်ပြေအောင်စကြာစေတီတော် နတ်လမ်းတစ်လျှောက်၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဌေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘိုကလေးမြို့ပေါ် ရပ်ကွက် (၁၀)ရပ်ကွက်တို့က ဌာနအလိုက်၊ အသင်းအဖွဲ့အလိုက်၊ ရပ်ကွက်အလိုက် ဘိုကလေးမြို့ပေါ် သံဃာကျောင်းတိုက်များနှင့် သီလရှင်ကျောင်းတိုက်များမှ သံဃာတော်နှင့် သီလရှင် အပါး ၂၅၀ အား စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၁ သိန်းကျော် တန်ဖိုးရှိ ဆွမ်းဆန်နှင့်လှူဖွယ်ဝတ္ထုအစုစုတို့အား လောင်းလှူပူဇော်ခဲ့ကြ ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



**ချောင်းဆုံ**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့) အခါသမယတွင် ညောင်ရေသွန်းလောင်းပွဲတော်ကို နှစ်စဉ်ပြုလုပ်လျက်ရှိရာ ယနေ့ညနေပိုင်းက ရွာလွတ်ကျေးရွာတွင် (၈၄) ကြိမ်မြောက် အဖွဲ့လိုက် စုပေါင်းညောင်ရေသွန်းလောင်းပွဲတော်ကို အစဉ်အလာမပျက်ကျင်းပရာ အဖွဲ့လိုက် စုပေါင်းညောင်ရေသွန်းလောင်းပွဲတော်ကို အဖွဲ့များမှ ရိုးရာယဉ်ကျေးမှုနှင့်အညီ တူညီဝတ်စုံများ ဝတ်ဆင်၍ ကျေးရွာအတွင်း လှည့်လည်ကာ ဗောဓိညောင်ပင်များသို့ ရေသွန်းလောင်းနေမှုများကို လာရောက်လည်ပတ်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိပြီး မြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း ညောင်ရေသွန်းလောင်းပွဲတော်များ ကျင်းပခြင်းနှင့် စတုဒိသာ ကျွေးမွေးခြင်းများကို ဗုဒ္ဓနေ့ အထိမ်းအမှတ်အနေဖြင့် ကုသိုလ်ယူလှူဒါန်းကျွေးမွေးလျက်ရှိကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

**အင်းစိန်**

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဂန္ဓကုဋီတိုက် ရင်ပြင်တော်ပေါ်ရှိ သီရိလင်္ကာနိုင်ငံ၏ ဓမ္မပဏ္ဏာတော်အဖြစ် စိုက်ပျိုးပူဇော်ထားသည့် မဟာဗောဓိညောင်ပင်၌ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းများ၊ အလှူရှင်များ၊ ဘုရားဖူးလာပြည်သူများက ကဆုန်ညောင်ရေသွန်းလောင်းခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း**



**ရန်ကင်း**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် (၁၄) ရပ်ကွက် မိုးကောင်းဘုရားစေတီတော်ရင်ပြင်ရှိ ဗောဓိညောင်ပင်၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲကို မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ယနေ့နံနက်ကကျင်းပရာ ရန်ကင်းမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးချစ်ကိုကို၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိုးကောင်းဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ပြည်သူများ စုစုပေါင်းအင်အား ၃၀၀၀ တက်ရောက်ခဲ့ကြသည်။

**လှလှထွေး(ပြန်/ဆက်)**



**အမရပူရ**

အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ ရွှေကြက်ယက်ဆုတောင်းပြည့်မြတ်စွာဘုရားတွင် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်အား နှစ်စဉ် ဧပြီ ၂၉ ရက် မွန်းလွဲ ၂ နာရီ ကဆုန်လဆန်း ၁၄ ရက် (အဖိတ်နေ့) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ညောင်ရေသွန်းပွဲတော်သို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်၊ မြို့တော်ဝန် ဦးခင်မောင်အေး၊ အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့်အဖွဲ့ဝင်များ၊ အမရပူရမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ ဒေသခံပြည်သူများတက်ရောက်ကြပြီး ရွှေကြက်ယက်ဘုရားအနောက်ဘက်မုခ်ရှိ အပူဇော်ခံမဏ္ဍပ်တွင် ညောင်ရေသွန်းလောင်းပွဲတော်အား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဗောဓိညောင်ပင်အား လက်ယာရစ် သုံးပတ်ပတ်ကာ ညောင်ရေသွန်းလောင်းခဲ့ကြကြောင်း သိရသည်။

**စိုးသီဟ(အမရ)**



**ပုလော**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၇ နာရီက ပုလောမြို့နယ်ကျက်သရေဆောင် အရှေ့ကျောင်းတိုက်စေတီတော်၌ ကျင်းပရာ ပုလောမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက အရှေ့ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဝါယာမ မထေရ်အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပုလောမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးဆောင်၍ အရှေ့ကျောင်းတိုက် စေတီတော်ကြီးအား ၂၄ ပစ္စည်းပဋ္ဌာန်းတော်အကျဉ်း ရွတ်ဖတ်၍ လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ခဲ့ပြီး မဟာဗောဓိညောင်ပင်အား အမွှေးနံ့သာရည်များဖြင့် သွန်းလောင်းပူဇော်ခဲ့ကြောင်း သိရသည်။

**ပုလော(ပြန်/ဆက်)**



**သာစည်**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူးကျင်းပသော သံဃာတော် ၁၀၈ ပါးတို့အား သံဃာ့ဒါန ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူပူဇော်ပွဲကို ကဆုန်လပြည့်(ဗုဒ္ဓနေ့) ယနေ့နံနက်က အမှတ်(၆) ရပ်ကွက် သာယာကုန်းကျောင်းတိုက်၌ကျင်းပရာ နံနက် ၅ နာရီခွဲတွင် ကြွရောက်လာသောသံဃာတော် ၁၀၈ ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်သည်။ ဆက်လက်ပြီး နံနက် ၆ နာရီတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်ကော်မတီဝင်များက ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အလှူရှင်များက ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**မော်လိုက်**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပွဲကို နံနက် ၉ နာရီက တောင်တလုံးဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ညောင်ရေသွန်းလောင်းခဲ့ကြသည်။

ဆက်လက်၍ ပရိတ်တရားတော်များ နာယူကြည်ညိုခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ကြောင်ပန်းကျောင်းတိုက် ဆရာတော်ထံမှ ရှစ်ပါးသီလခံယူကာ ပရိတ်တရားတော်များနှင့် အနုမောဒနာတရားတော်များကို နာယူကြည်ညိုကြသည်။ ယင်းနောက် တက်ရောက်လာသူများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချအမျှဝေခဲ့ကြသည်။ **ကိုထက်(ပြန်/ဆက်)**



## ဒေါ်အောင်ဆန်းစုကြည်၏ ပြစ်ဒဏ်ကျခံရသည့်နေရာအား ပြောင်းလဲသတ်မှတ်



**နေပြည်တော် ဧပြီ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့် ဗုဒ္ဓနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်က မေတ္တာ၊ စေတနာထားသောအားဖြင့်လည်းကောင်း နေပြည်တော်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၁၊ ပုဒ်မခွဲ(၁)အရ ၎င်းကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များကို သတ်မှတ်ထားသည့်နေအိမ်၌ ဆက်လက်ကျခံစေရန် ပြောင်းလဲသတ်မှတ်ပေးလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကဆုန်လပြည့် (ဗုဒ္ဓနေ့)အထိမ်းအမှတ်အဖြစ် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း နိုင်ငံတော်သမ္မတရုံး၏ အမိန့်စာအမှတ် ၅၀/၂၀၂၀၊ ၅၁/၂၀၂၀၊ ၅၂/၂၀၂၀ အရ အကျဉ်းထောင်၊ အချုပ်ထောင်နှင့် စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေကြသည့် အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာ ယနေ့နံနက်ပိုင်းက အကျဉ်းထောင်မှ အကျဉ်းသားအကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ရာတွင် တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား ဆုံးမစကားပြောကြားပြီး အကျဉ်းထောင် တာဝန်ရှိသူများက ထောင်လွတ်လက်မှတ်နှင့် ခရီးစရိတ်ငွေများ ပေးအပ်ကာ မိမိဒေသသို့ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့သည်။


ရန်ကုန်မြို့
ညိမ်းသူ


မန္တလေးမြို့
မောင်အေးချမ်း


မြိတ်မြို့
ခိုင်ထူး(မြန်/ဆက်)


မအူပင်မြို့
အောင်မြင့်မြတ်(မြန်/ဆက်)


တပ်ကုန်းမြို့
တင်စိုးလွင်(မြန်/ဆက်)


သရက်မြို့
ခရိုင်(မြန်/ဆက်)


တွံတေးမြို့
မျိုးလှိုင်(တွံတေး)


ပေါင်မြို့နယ်
မွန်မလေး(မြန်/ဆက်)


ပြည်မြို့
ကိုဆက်(မြန်/ဆက်)


တောင်ငူမြို့
ခရိုင်(မြန်/ဆက်)


ကော့သောင်းမြို့
ခရိုင်(မြန်/ဆက်)

## ၂၀၂၀ ပြည့်နှစ် Insolvency Law အရ
## POLYMER COMPANY LIMITED
## (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျှောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
## (Insolvency Law 147, 152 နှင့် Insolvency Rules 9 နှင့် 15 (b) အရ)

၂၀၂၆ ခုနှစ် ၊ ဧပြီလ (၂၉) ရက် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအထွေထွေ အစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်-

၁။ ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ဆန္ဒအလျှောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်။

၂။ ဒေါ်ခိုင်ရည်မွန် (Insolvency practitioner registration number: 101572) ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ၎င်းအား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့် အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သောလုပ်ပိုင်ခွင့်များကို လွှဲအပ်ရန်။

၃။ POLYMER COMPANY LIMITED ၏ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ (၃၁/၀၅/၂၀၂၆) ရက်နောက်ဆုံးထား၍ ကုမ္ပဏီမှ ပေးရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း သတ်မှတ်ပုံစံဖြင့် ခိုင်လုံသော သက်သေခံ အထောက်အထားများနှင့်အတူ တောင်းခံကြပါရန် အကြောင်းကြား အပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| ဦးမောင်မောင်သောင်း | ဒေါ်ခိုင်ရည်မွန် |
| အုပ်ချုပ်မှု ဒါရိုက်တာ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| POLYMER COMPANY LIMITED | IP No–101572 |
| | တိုက် (၆) ၊ အခန်း (၃၂၃) ၊ ကျိုက္ကဆံအိမ်ရာ၊ |
| | မာလာနွယ်လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ |
| | ရန်ကုန်တိုင်းဒေသကြီး |

## ၂၀၂၀ ပြည့်နှစ် Insolvency Law အရ
## XINDA STORAGE EQUIPMENT INDUSTRY TRADING COMPANY LIMITED
## (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျှောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
## (Insolvency Law 147, 152 နှင့် Insolvency Rules 9 နှင့် 15 (b) အရ)

၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၉) ရက် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်-

၁။ ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျှောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်။

၂။ ဒေါ်ကေခိုင်ခိုင်လင်း (Insolvency practitioner registration number: 102145) ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ၎င်းအား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သောလုပ်ပိုင်ခွင့်များကို လွှဲအပ်ရန်။

၃။ XINDA STORAGE EQUIPMENT INDUSTRY TRADING COMPANY LIMITED ၏ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ (၃၀/၀၅/၂၀၂၆) ရက် နောက်ဆုံးထား၍ ကုမ္ပဏီမှပေးရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း သတ်မှတ်ပုံစံဖြင့် ခိုင်လုံသော သက်သေခံအထောက်အထားများနှင့်အတူ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| ဒေါ်သီဂီဝင်း | ဒေါ်ကေခိုင်ခိုင်လင်း |
| ဒါရိုက်တာ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| XINDA STORAGE EQUIPMENT | IP No–102145 |
| INDUSTRY TRADING CO., LTD | တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊ |
| | တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသန့်ဇင် CDC No 131340 ၏ All in One စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၂၅၁၇၉၄၁၃၄

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/10718,Suzuki Smash 112 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှမင်းဟန် ၇/ပမန(နိုင်) ၁၉၅၄၃၈ကက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပြည်)
ပြည်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/7570 ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်းထွန်း ၇/ပခန (နိုင်) ၂၃၄၅၉၈ကက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## စာအုပ် စာပေ လူ့မိတ်ဆွေ

## ငွေချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၉၉

| | | |
|---|---|---|
| ဒေါ်ဝေါင်ရွှင်လန် | နှင့် | တပ်ခွဲတပ်ကြပ်ကြီးလှအေး |
| (၎င်း၏အထွေထွေကိုယ်စားလှယ် စာရသူ ဒေါ်လှလှဝင်း) | | (၎င်း၏အထူးကိုယ်စားလှယ် စာရသူ ဒေါ်ရွှေဒွေး) |
| (တရားလို) | | (တရားပြိုင်) |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့ နယ်၊ (စ)ရပ်ကွက်၊ ဦးပိုင်အမှတ်(၃၅)၊ အကွက်အမှတ်(ထထ-၃၇)နေ တပ်ခွဲတပ်ကြပ်ကြီး လှအေး (ဘ) ဦးရွှေကို (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်ရွှေဒွေး) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၁၈ရက် (၁၃၈၈ခုနှစ်၊ နယုန်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၇)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော့မေခိုင်)
ဒုတိယခရိုင်တရားသူကြီး(၇)
မဟာအောင်မြေခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(သကတ- ၂)၊ မြေကွက်အမှတ်-(၁၀၉၁/က)(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၀ x ၆၀ ) ပေရှိ (အရပ်အခေါ် အမှတ် (၁၀၉၁/က)၊ မြို့မငြိမ်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်) ဟုခေါ်တွင်သော ဒေါ်စိန်မြအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂) ထပ်နေအိမ်အပါအဝင် ရေ+မီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းကသာလျှင် တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းထွေး (၁၂/ဗဟန (နိုင်)၀၄၈၄၀၃) ထံမှ ကျွန်တော် ဦးအေးထွန်းအောင် (၈/ပခက(နိုင်)၂၁၉၀၃၇) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း အထက်ပါမြေနှင့်အကျိုးခံစားခွင့်တို့နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/စာရွက်စာတမ်း မူရင်း၊ ပါမစ်/ဂရန် မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအေးထွန်းအောင်
၈/ပခက(နိုင်)၂၁၉၀၃၇
အမှတ် (၈၄၀/ခ)၊ အောင်ဆန်းဘူတာရုံလမ်း၊ အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၈၁၈၂၂၁၄၈

## တေးရေး ကိုကိုအောင်(တောင်ကြီး) ရေးစပ်သီကုံးခဲ့သောတေးသီချင်းများနှင့် စပ်လျဉ်း၍ အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မ/ဥက္ကလာပမြို့နယ်၊သော်ကလမ်း၊အမှတ်(၇-၁၄၆) တွင် နေထိုင်သူ ဒေါ်မိုးမဥ္ဇူဝင်း (၁၂/ပဇတ(နိုင်)၀၂၉၃၇၉) ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့အားလွှဲအပ်ညွှန်ကြားသူ ဒေါ်မိုးမဥ္ဇူဝင်း၏ ဖခင်ဖြစ်သူမှ တေးရေး-ကိုကိုအောင် (တောင်ကြီး)အမည်ဖြင့် "ဂစ်တာတီးပေ့ါကိုကိုရယ်" အမည်ရှိ တေးသီချင်းအပါအဝင်တေးသီချင်းများစွာကို ရေးစပ်သီကုံးခဲ့သော ဂီတအနုပညာရှင် တေးရေး တစ်ဦးဖြစ်ပါသည်။ယခုအခါတွင် တေးရေး ကိုကိုအောင်( တောင်ကြီး) ရေးစပ်သီကုံးခဲ့သောတေးသီချင်းများနှင့်ပတ်သက်သော မူပိုင်ခွင့်ဆိုင်ရာစီမံခန့်ခွဲမှုများနှင့်ယင်းမှ ရရှိလာသောအကျိုးခံစားခွင့်များအားလုံးတို့ကို ဒေါ်မိုးမဥ္ဇူဝင်းမှ သာလျှင် အလုံးစုံစီမံ ဆောင်ရွက်လျက်ရှိပါ သည်။သို့ပါ၍ တေးရေး ကိုကိုအောင် (တောင်ကြီး)ရေးစပ်သီကုံးခဲ့သော "ဂစ်တာတီးပေ့ါ ကိုကိုရယ်" အမည်ရှိ တေးသီချင်းအပါအဝင်တေးသီချင်းများအား အသုံးပြုမည်ဆိုပါက ကြိုတင်၍ ခွင့်ပြုချက် တောင်းခံ၍ ခွင့်ပြုချက်ရရှိမှသာ အသုံးပြုရန်နှင့် မည်သည့်ကဏ္ဍတွင် မဆို ခွင့်ပြုချက်မဲ့အသုံးပြုခြင်းများအားလည်းကောင်း၊ ဖျော်ဖြေသူများမှ စင်မြင့်ဖျော်ဖြေမှုများတွင် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော သရုပ်ဖော်မှုပုံစံများဖြင့် ခွင့်ပြုချက်မဲ့ သီဆို ဖျော်ဖြေနေခြင်းများကို တားမြစ်ပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

တားမြစ်ချက်အားဖောက်ဖျက်၍ တေးရေး ကိုကိုအောင်(တောင်ကြီး) ရေးစပ်သီကုံးခဲ့သော တေးသီချင်းများအား အသုံးပြုခြင်းကြောင့်နစ်နာမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဒေါ်ဆွေစင်အိ(LL.B)(LL.M) | ဦးလင်းဘုန်းမြတ်(LL.B)(D.IP.L)(D.M.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၉၇) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၈၁) |

**အမှတ်(၃၉၈/၃၉၉)၊ စတုတ္ထထပ်၊ ကမ်းနားလမ်း၊**
**အလုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၉၅၆၆၆၆၃၆၀၊ ၀၉-၇၈၅၁၉၄၉၀၉**

## အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ပွဲကောက်ကျေးရွာရှိ မူလပိုင်ရှင်ဖြစ်သူ ဦးဘာဂီရာချ်မှ ဒေါ်ဝါဝါထံသို့ လွှဲပြောင်းရောင်းချထားသည့်မြေထဲမှ ခွဲထွက်၍ (အလျား ၅၉ပေ x အနံ ပေ၅၀ ရှိ) အကွက်အမှတ်- (ဃ-၈)မြေကွက်အား ဒေါ်ရွှေဝါဦး(၉/မနမ(နိုင်) ၀၉၈၀၀၅) မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်၊ စီမံပိုင်ခွင့် အာဏာရှိကြောင်း ဝန်ခံပြောဆိုသဖြင့် အဆိုပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေ ဒေါ်မျိုးမျိုးမှ ဝယ်ယူရန်အတွက် ရောင်းကြေးငွေတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရောင်းချရန်ကန့်ကွက်ဟန့်တားလိုပါက ယခုကြေညာပါသည့်ရက်မှ (၁၅) ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ ဒေါ်မျိုးမျိုးထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ အဆိုပါမြေကွက်၏ စာရွက်စာတမ်း မူရင်းများယူဆောင် ၍လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယမင်းမိုး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၀၅၆/၂၀၁၉)
ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၇၉၆၄၉၈၅၂၁

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက် အမှတ် (၁၈-ကွက်/ကျောက်တောင်)၊ ဦးပိုင်အမှတ်(၁၀၉၊ ၁၀၉/၁၂၁)၊ မြေဧရိယာ (၀ဒသမ၁၄၀)ဧကရှိ ဂရန်အမှုတွဲအမှတ်(၃၀၅/၁၉၉၆-၉၇)အရ ဒေါ်အေးလှ အမည်ပေါက်ဂရန်မြေမှခွဲ၍ အရှေ့ဘက်ခြမ်း မြေဧရိယာ ပေ (၄၀x၇၀) ရှိ မြေကွက်နှင့် ယင်းမြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြဖြူဖြူမင်း (LL.B, D.B.L, D.I.L, I.P.Law)
(အထက်တန်းရှေ့နေ) (စဉ်-၄၀၁၉၄)
ရပ်ကွက်ကြီး ( ၁၀ )၊ ပြင်ဦးလွင်မြို့၊ ဖုန်း- ၀၉-၅၀၉၃၃၃၀

## ဒေါ်စိုး(၁၂/ဗဟန(နိုင်)၀၈၀၃၄၁)နှင့် အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နု(၁၂/ဗဟန(နိုင်)၀၈၀၃၄၂) နှင့် ဒေါ်သန်းသန်းအေး (၁၂/လမန (နိုင်)၁၂၇၃၁၆)တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်စိုးနှင့် အများသိစေရန် ကြေညာပါသည်-

ဦးခါလစ် နှင့် ဒေါ်သိန်းတို့သည် ဒေါ်စိုး ၊ ဦးဖိုးထောင်၊ ဦးစိုးမြင့် (ဒေါ်နု၏ ခင်ပွန်း)၊ ဦးဌေးဝင်း (ဒေါ်သန်းသန်းအေး၏ ခင်ပွန်း)တို့ကို မွေးဖွားခဲ့ပြီး ၎င်းတို့သည် ဗမာလူမျိုး၊ အစ္စလာမ်ဘာသာ ကိုးကွယ်သူများ ဖြစ်ကြပါသည်။

ရန်ကုန်တိုင်း ဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀) ရပ်ကွက်၊ (၃၁)လမ်း၊ အမှတ်(၁၁၂)၊ (၆)လွှာ၊ (၁၅ ပေ x ပေ ၅၀ ) တိုက်ခန်းအား ဦးဖိုးထောင် နှင့် ဒေါ်နု၏ ခင်ပွန်းဖြစ်သူ ဦးစိုးမြင့်တို့သည် ဦးစိန်တင်ထံမှ (၃၀-၁၁-၁၉၉၉)ရက်စွဲပါ အခန်းပျောက် အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပြီး ဦးဖိုးထောင်သည် လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ ဦးစိုးမြင့်သည် လည်းကောင်း ကွယ်လွန်ခဲ့ပါသည်။

ထို့ကြောင့် အဆိုပါတိုက်ခန်းအား အစ္စလာမ် တရားဥပဒေအရ ကွယ်လွန်သူ ဦးစိုးမြင့်၏ ဇနီး ဒေါ်နု နှင့် ဦးဌေးဝင်း၏ ဇနီး ဒေါ်သန်းသန်းအေးတို့သည် အမွေဆက်ခံခွင့်ရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်သည့် ဒေါ်နုနှင့် ဒေါ်သန်းသန်းအေးတို့၏ ခွင့်ပြုချက်တစ်စုံတစ်ရာ ရရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူနှင့် လက်ခံသူတို့၏ တာဝန်သာဖြစ်ပါကြောင်း ကြေညာပါသည်။

**ဒေါ်နုနှင့် ဒေါ်သန်းသန်းအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်မော်မော်ခင် | ဒေါ်သဲအိစံ |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆) | အထက်တန်းရှေ့နေ(စဉ်-၅၅၆၇၇) |

**တိုက်အမှတ်(၁၂၄)၊ အခန်းအမှတ် (၅)၊ ရန်နိုင်လမ်းသွယ်(၃)၊ (၄) ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ငွေချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၄

| | | |
|---|---|---|
| ၁။ ဒေါ်ဖြူဖြူဌေး | နှင့် | ဦးညွှန့်ကြည် |
| ၂။ ဒေါ်နန်းကေရီကျော် | | |
| **တရားလိုများ** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (၁၁-၂၀)၊ ဦးပိုင်အမှတ် (၃၀) နေ ဦးညွှန့်ကြည်(ဘ)ဦးထွန်းခင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဖြူဖြူဌေးပါ (၂) ဦးက မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၈-၆)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ (၀.၀၅၅)ဧက အကျယ်အဝန်းရှိ ဦးညွှန့်ကြည် အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက် ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အင်ကြင်းဖူး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာ၊ ကွင်းအမှတ် (၆၇၅)၊ ဦးပိုင်အမှတ်(၉၅/၂-ခ)၊ ဧရိယာ(၀.၁၀)ဧကမှ ခွဲထွက်၍ အကွက်အမှတ်(B)ဟု ခေါ်တွင်သည့် ပေ အကျယ် အလျား (၂၉x၂၉) ပေ၊ အနံ (၄၃x၄၃)ပေ (လက်ရှိမြေပြင်အရှိအတိုင်း) ကျယ်ဝန်းသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အုတ်တံတိုင်း၊ မီတာအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့် ဒေါ်ယမင်းရွှေ (၉/ပဥလ(နိုင်)၀၃၁၇၉၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်စုနှိုင်းထက် (၉/ပဥလ(နိုင်)၀၉၅၀၃၆)မှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စုနှိုင်းထက်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထက်ထက်ပိုင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၅၈၃)
ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၄၉၃၆၉၄၆၅

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျောက်ရေတွင်းမြို့ပြ ကွက်သစ်(၂) ဘုရားကုန်းရပ်ကွက်၊ စင်ကာပူလမ်း၊ အမှတ်(၇၄၂) ဦးတင်ရွှေ အိုးအိမ်ပါမစ် အမည်ပေါက်ထားပြီး အကျယ်အဝန်း (ပေ၄၀ x ပေ ၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးအေးဝင်း (၁၂/ခရန(နိုင်) ၀၄၄၅၅၅) မှ အရှုပ်အရှင်းကင်းပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဒေါ်အေးဖြူဖြူ (၁၄/ပသန(နိုင်)၂၁၅၇၅၉)မှ စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ ဒေါ်အေးဖြူဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မေမျိုးနိုင်
အထက်တန်းရှေ့နေ (စဉ် - ၄၃၁၉၈)
အမှတ်(၂၂၉)၊ သရဖီလမ်း၊ (၁၄/စီမံကိန်း- ၁) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉- ၄၂၅၃၂၈၂၆၃၊ ၀၉- ၇၅၆၀၂၁၉၇၁

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/37162, CANDA -125, M/C အား၊ စစ်တွေမြို့၊ ရဲနွယ်စုရပ်ကွက်နေ ဒေါ်ယဉ်မင်းထွန်း ၁၂/မဘန(နိုင်)၁၅၀၂၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/33589, Honda Dream 125, M/C အား၊ စစ်တွေမြို့၊ ရှုပတောင်ရပ်ကွက်နေ မောင်သန်းအောင် ၁၁/စတန(နိုင်) ၀၆၄၆၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ ငါးမြင်းချောင်းကျေးရွာအုပ်စု၊ ကုန်းစုကျေးရွာနေ ဦးကျင်ရှိန် (ကွယ်လွန်) ၁၄/မမန(နိုင်)၂၂၄၃၄၅ နှင့် ဒေါ်ကျင်မွေး ၁၄/မမန(နိုင်)၃၁၂၉၄၇ တို့၏ သမီးဖြစ်သူ မမွေးသန္တာဖြိုး ၁၄/မမန(နိုင်)၂၉၁၇၁၇ သည် မိဘများ၏ဆိုဆုံးမမှုများကို မနာခံဘဲ မိဘစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ် အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျင်ရှိန်(ကွယ်လွန်)-ဒေါ်ကျင်မွေး**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာန အိတ်ဖွင့်တင်ဒါ (Open Tender) များခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၆-၂၀၂၇ ခု (ဧပြီလမှ မတ်လ)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်းလုပ်ငန်းများ၊ ရေမြောင်းလုပ်ငန်းများနှင့် Precast စက်ရုံတို့တွင် အသုံးပြုရန်အတွက်လိုအပ်သည့် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများအား ဝယ်ယူသွားမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **ဝယ်ယူမည့်ပစ္စည်းများ** - (၁) ကတ္တရာအရည်ပြည့်(၆၀/၇၀) Drum Type ဝယ်ယူခြင်းနှင့် ကတ္တရာအရည်ပြည့်(၄၀/၆၀) Drum Type ဝယ်ယူခြင်း
(၂) လုပ်ငန်းသုံးကျောက်မျိုးစုံဝယ်ယူခြင်း
(၃) Bulk Cement Powder ဝယ်ယူခြင်း
(၄) Ready Mix Concrete ဝယ်ယူခြင်း
(၅) အုတ်ဝယ်ယူခြင်း
(၆) Thermoplastic Powder & Glass Bead ဝယ်ယူခြင်း
(၇) AC Plant ၏ Spare Parts ပစ္စည်းများဝယ်ယူခြင်း

(ခ) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့် ပိတ်သိမ်းမည့်နေ့ရက်** - (၄-၅-၂၀၂၆)ရက်မှ (၃-၆-၂၀၂၆)ရက်ထိ

(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်နှင့်အချိန်** - (၄-၆-၂၀၂၆)ရက် နံနက်(၉:၃၀)မှ(၁၆:၃၀)နာရီ

(ဃ) **တင်ဒါတစ်စောင်ဈေးနှုန်း** - အမှတ်စဉ်(၁)အတွက်ငွေကျပ် ၅၀၀၀၀/-နှုန်း
အမှတ်စဉ်(၂)အတွက် ငွေကျပ် ၃၀၀၀၀/-နှုန်း
အမှတ်စဉ်(၃၊ ၄)အတွက်ငွေကျပ် ၁၅၀၀၀/-နှုန်း
အမှတ်စဉ်( ၅၊ ၆၊ ၇)အတွက် တစ်စောင်လျှင်ငွေကျပ် ၁၀၀၀၀/-နှုန်း

၂။ ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများ၏ အိတ်ဖွင့်တင်ဒါတင်သွင်းမည့် ပုံစံများရောင်းချခြင်းနှင့် တင်သွင်းရမည့်နေရာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ ဝယ်ယူ တင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း-၀၉-၄၃၁၈၁၂၈၁၊ ၀၉-၄၃၁၀၀၆၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ ဘူတာကွက်သစ်နေ ဦးတင့်ဆွေ၊ ဒေါ်ရီရီအောင် တို့၏သား ချောင်းဦးမြို့ အ.မ.က(၁၀) Grade- 4 မှ မောင်ပြည့်ဖြိုးအောင် ၏အမည်မှန်မှာ မောင်ပြည့်ဖြိုးကျော် ဖြစ်ပါကြောင်း။

**မောင်ပြည့်ဖြိုးကျော်**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/၃)၊ စကားဝါလမ်း၊ မြေကွက်အမှတ် (၁၀/၂)၊ အကျယ်အဝန်း (၃၀ပေ × ၆၆ပေ)ရှိ ဒေါ်သန်းသန်းစိုး (၁၂/ဥကတ (နိုင်) ၀၇၄၀၇၆)( S/OKA-၀၆၇၉၈၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သန်းသန်းစိုး ထံမှ ကျွန်မတို့ (၁) ဒေါ်စန်းစန်းသိန်း (၁၂/ဥကတ (နိုင်) ၀၇၀၁၃၅) နှင့် (၂) ဒေါ်စန်းနု (၁၂/ဥကတ(နိုင်)၀၄၈၈၆၈) တို့က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မတို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(၁) ဒေါ်စန်းစန်းသိန်း (၂) ဒေါ်စန်းနု
၀၉- ၂၅၀ ၁၈၂ ၁၅၀ ၊ ၀၉- ၂၅၄ ၄၄၅ ၅၇၇

---

## အများသိစေရန်ကြေညာခြင်း

အမှတ်(၄၈၅)၊ ခွာညိုလမ်း၊ အောင်သုခရပ်ကွက်၊ ကော့သောင်းမြို့ နေထိုင်သူ ဦးကောင်းမြတ်ထွန်း (၆/မမန (နိုင်) ၁၄၈၃၃၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေနှင့် အမှတ်(၁၀၁/အေ)၊ ဗိုလ်ချုပ်လမ်း၊ ပိတောက်ရွှေဝါရပ်ကွက်၊ ကော့သောင်းမြို့နေ ဒေါ်ခိုင်ဇင်ဝင်း (၆/ကသန(နိုင်)၀၃၄၁၂၈)တို့သည် (၂၃-၁၁-၂၀၁၈) ခုနှစ်တွင် ကော့သောင်းမြို့နယ်တရားရုံး၌ တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးကောင်းမြတ်ထွန်းနှင့် ၄င်း၏လူမှုပတ်ဝန်းကျင်၊ လုပ်ငန်းခွင်တို့ကို ထိခိုက်နစ်နာစေမှုနှင့် သိက္ခာနှင့်အသရေပျက်စေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ၄င်း၏အလုပ်အကိုင်များထိခိုက်စေရန် လူမှုကွန်ရက်ပေါ်တွင် အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မဟုတ်မမှန်သတင်းများအား post တင်ခြင်းများအပြင် ပြင်ပလောကတွင်ပါ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် မည်သူတစ်ဦးတစ်ယောက်ကမျှ လုံးဝ(လုံးဝ) မပြုလုပ်ကြရန် အသိပေးတားမြစ်အပ်ပါသည်။

အကယ်၍ယခုအသိပေးတားမြစ်ချက်များကို လိုက်နာခြင်းမရှိဘဲ ဆက်လက်ကျူးလွန်ခြင်း၊ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ထပ်မံနှောင့်ယှက် ခြင်းများတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကောင်းမြတ်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆောင်းနှင်းပွင့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ် - ၅၃၀၇၈)**
**အမှတ်(၆၀၉) ၊ တပင်ရွှေထီးလမ်း၊ ရွှေပြည်သာရပ်ကွက်၊ ကော့သောင်းမြို့၊ Ph:09-422210819**

---

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အား ခွဲရုံများ အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ၊ အစားထိုးတည်ဆောက်ခြင်း လုပ်ငန်းများ၊ ပစ္စည်းဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၃၀ - ၄ -၂၀၂၆ ရက် မှ ၂၉ - ၅ -၂၀၂၆ ရက် အထိ
(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၂၀ - ၅ -၂၀၂၆ ရက် မှ ၂၉ - ၅ -၂၀၂၆ ရက် (၁၄ : ၀၀ နာရီထိ)
(ဂ) **တင်ဒါပိတ်မည့်ရက်** - ၂၉ - ၅ -၂၀၂၆ ရက် (၁၄ : ၀၀ နာရီ ထိ)
**(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။**

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ ရောင်းချပေးသွားမည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များကို တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များအား ရုံးချိန်းအတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များ-** ၀၄၂-၂၄၅၅၂(အင်ဂျင်နီယာဌာန)
- ၀၄၂-၂၁၈၉၁( ဘဏ္ဍာရေးဌာန)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ အောင်သုခရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၄၅၈)နေ ဦးကျော်ဝင်းအောင် (ဘ) ဦးအောင်ညွှန့် (၆/ကသန(နိုင်)၀၄၅၁၄၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေး ကြေညာအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့တွင် မှတ်ပုံတင်၍ လိုင်စင်ထုတ်ပေးထားသော ငါးဖမ်းရေယာဉ်ဖြစ်သည့် "အောင်နိုင်ထွန်း-၉" (ကမ်းဝေးငါးဖမ်းလိုင်စင်အမှတ်- T-၁၃၀၅၊ ရေယာဉ် မှတ်ပုံတင်အမှတ်(ON-102584)၊ ငါးဖမ်းရေယာဉ်၏ ပိုင်ရှင်အမည်ပေါက်မှာ ဒေါ်ဆာရော(ခ)ဒေါ်စန္ဒာ (၆/ကသန(နိုင်)၀၃၅၃၃၂) နှင့် ဦးမာချေး (၆/ကသန (နိုင်)၀၃၃၉၀၇)တို့၏ အမည်ဖြင့် ထုတ်ပေးထားပါသည်။ ဒေါ်ဆာရော (ခ)ဒေါ်စန္ဒာ (၆/ကသန(နိုင်)၀၃၅၃၃၂)မှ ရောင်းချရန် ကမ်းလှမ်းခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ အောင်သုခရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် (၄၅၈)နေ ဦးကျော်ဝင်းအောင် (ဘ) ဦးအောင်ညွှန့် (၆/ကသန(နိုင်)၀၄၅၁၄၄)မှ ဝယ်ယူရန် သဘောတူ၍ (၃-၃-၂၀၂၄)ရက်တွင်ငွေအပြေအကြေပေးချေပြီး အပြီးသတ်စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကမ်းဝေးငါးဖမ်းရေယာဉ်အား ယခင်ပိုင်ရှင်အမည်ပေါက်ဖြစ်သော ဒေါ်ဆာရော(ခ)ဒေါ်စန္ဒာ (၆/ကသန(နိုင်)၀၃၅၃၃၂) နှင့် ဦးမာချေး (၆/ကသန(နိုင်)၀၃၃၉၀၇) တို့၏ အမည်မှ ဦးကျော်ဝင်းအောင် (၆/ကသန(နိုင်)၀၄၅၁၄၄) အမည်သို့ ပြောင်းလဲ လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါ၍ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇) ရက်အတွင်း ရေယာဉ်နှင့်ပတ်သက်သည့် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ တနင်္သာရီတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနရှိ ဌာနအသီးသီးသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက တည်ဆဲလုပ်ထုံးလုပ်နည်းအတိုင်း ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ရေယာဉ်အမည်ပြောင်းလဲပေးရန် လျှောက်ထားချက်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတိုးတက်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၁၈၁၉၅)**
**အမှတ် (၅၂၇)၊ ချယ်ရီလမ်း၊ အောင်သုခရပ်ကွက်၊ ကော့သောင်းမြို့၊**
**ဖုန်း-၀၉-၄၄၂၅၅၃၄၆၀**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၇)၊ မြေကွက် အမှတ်-၁၉၁ ၊ မြေအကျယ်အဝန်း(ပေ၄၀xပေ၆၀)ရှိ ဦးစိုးတင့် အမည်ပေါက် ပါမစ်မြေအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ယခုရောင်းချသူ ဒေါ်လှိုင်လှိုင်ဝင်း (၁၂/ဥကတ(နိုင်)၁၅၂၁၇၆)၊ အမှတ်-၇၈၉ ၊ ဗိုလ်အောင်ကျော်လမ်း၊ ၁၃၂ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်က ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင် လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာခြင်းအား ကျွန်ုပ် ဒေါ်နန်းစိုးဝင်းပိုင် (၁၃/ကမန(နိုင်)၀၈၄၅၇၅ က ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၅) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းစိုးဝင်းပိုင်**
**(၁၃/ကမန(နိုင်)၀၈၄၅၇၅)**
**ဖုန်း-၀၉-၂၀၀၉၀၇၅**

---

## စာအုပ်စာပေ လူ့မိတ်ဆွေ

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြို့တော်သာယာ လှပရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်း(၉)ခုအား အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါစတင်ရောင်းချမည့်ရက်** - ( ၂၉-၄-၂၀၂၆)ရက်
**တင်ဒါပုံစံပိတ်မည့်ရက်** - ( ၁၂ -၅-၂၀၂၆)ရက်၊ (၁၆:၀၀)နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း - ၀၆၇-၃၄၃၂၄၉၁

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅) ဘုတ်ပြင်းမြို့နယ်တရားရုံးတော်၌ ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅

| | | |
|---|---|---|
| ဒေါ်သီတာသွင် | **နှင့်** | ဒေါ်သီတာလင်း |
| **တရားလို** | | **တရားပြိုင်** |

ဘုတ်ပြင်းမြို့၊ အောင်မင်္ဂလာ(မွန်စု)ရပ်ကွက်နေ ဒေါ်သီတာလင်း(ဘ) ဦးထွန်းမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သီတာသွင်က ငွေပေးရန်ရရန်ရှိကြောင်း သဘောတူကတိခံဝန်ပြုထား သည့်ငွေကျပ်-၄၀၀၀၀၀၀/-ကျပ်(ကျပ်သိန်းလေးဆယ်တိတိ/-)ရလိုကြောင်းနှင့် လျှောက်ထားခွဲဆိုသည်ဖြစ် ၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ (၂၅)ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက် ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီ လ (၂၇)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရတနာရွှေရည်ဝင်း)**
**မြို့နယ်တရားသူကြီး**
**ဘုတ်ပြင်းမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ အောင်သုခရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၄၅၈)နေ ဦးကျော်ဝင်းအောင် (ဘ) ဦးအောင်ညွှန့် (၆/ကသန(နိုင်)၀၄၅၁၄၄)၏လွှဲအပ်ညွှန်ကြားချက်အရ အသိပေး ကြေညာအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့တွင် မှတ်ပုံတင်၍ လိုင်စင်ထုတ်ပေးထားသော ငါးဖမ်းရေယာဉ်ဖြစ်သည့် "အောင်အောင်ခိုင်-၃၂" (ကမ်းဝေးငါးဖမ်းလိုင်စင်အမှတ် - T - ၁၄၅၂၊ ရေယာဉ်မှတ်ပုံတင်အမှတ် (ON-102247) ငါးဖမ်းရေယာဉ်၏ ပိုင်ရှင်အမည်ပေါက်မှာ ဦးအော်တင် (၆/မအရ(နိုင်)၀၂၇၇၀၉) နှင့် ဦးအောင်နိုင် (၁၀/ရမန(နိုင်)၀၀၀၀၂၁)တို့၏ အမည်ဖြင့် ထုတ်ပေးထားပါသည်။ ဦးအောင်နိုင် (၁၀/ရမန(နိုင်)၀၀၀၀၂၁) မှ ရောင်းချရန် ကမ်းလှမ်းခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ အောင်သုခရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၄၅၈)နေ ဦးကျော်ဝင်းအောင်(ဘ)ဦးအောင်ညွှန့် (၆/ကသန(နိုင်)၀၄၅၁၄၄)မှ ဝယ်ယူရန်သဘောတူ၍ (၃၀-၄-၂၀၂၄)ရက်တွင် ငွေအပြေအကြေပေးချေပြီး အပြီးသတ်စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကမ်းဝေးငါးဖမ်းရေယာဉ်အား ယခင်ပိုင်ရှင်အမည်ပေါက်ဖြစ်သော ဦးအော်တင် (၆/မအရ(နိုင်)၀၂၇၇၀၉) နှင့် ဦးအောင်နိုင် (၁၀/ရမန(နိုင်)၀၀၀၀၂၁) တို့၏အမည်မှ ဦးကျော်ဝင်းအောင် (၆/ကသန(နိုင်)၀၄၅၁၄၄) အမည်သို့ ပြောင်းလဲလျှောက်ထားဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇) ရက်အတွင်း ရေယာဉ်နှင့်ပတ်သက်သည့် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရှိ ဌာနအသီးသီးသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက တည်ဆဲလုပ်ထုံးလုပ်နည်းအတိုင်း ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ရေယာဉ်အမည်ပြောင်းလဲပေးရန် လျှောက်ထားချက်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတိုးတက်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၁၉၅)**
**အမှတ်(၅၂၇)၊ ချယ်ရီလမ်း၊ အောင်သုခရပ်ကွက်၊ ကော့သောင်းမြို့၊**
**ဖုန်း-၀၉-၄၄၂၅၅၃၄၆၀**

## တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက်
## ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) Grade-10 သင်တန်းအတွက် Grade-9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade-11 သင်တန်းအတွက် Grade-10 အောင်မြင်ပြီး အသက် ၁၈ နှစ် ထက်မကြီးသူ၊ Grade-12 သင်တန်းအတွက် Grade-11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက်မကြီးသူ ဖြစ်ရမည်။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

( ဂ ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၀-၅-၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များသို့ လျှောက်ထားရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

( ခ ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

( ဂ ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ-၆၆/၆)(မိတ္တူ)။

( င ) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

( စ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရေးရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အပိုဒ်(၂)ပါစာရွက် စာတမ်းများ **မူရင်းနှင့် မိတ္တူ(၃)စောင်စီ**ယူဆောင်၍ ၂၂-၅-၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံ ရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ် သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း (၄၃၂၀၀၀/- ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀၀/- ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း(၇၂၀၀၀၀/-ကျပ်)တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက် သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့် သိပ္ပံများသို့ တက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနစု၊ ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၊စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုလယ်ယာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံး၊ မုံရွာမြို့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေ ဖြင့် အမှတ်(၅) စက်မှုလယ်ယာစခန်း၊ စစ်ကိုင်းမြို့ရှိ အရာရှိနေအိမ် (၃၀'x ၂၀'x ၁၁') RC(၁)တပ် (၁)လုံး နှင့်အုတ်ခြံစည်းရိုး(၁၁၆၀'x၆') အား အသစ်ကာရံခြင်း၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် စနစ်ကျလယ်ယာမြေ(၁၀၀) ဧက ဖော်ထုတ်ခြင်းလုပ်ငန်း များ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

**ဆောက်လုပ်မည့်တည်ဆောက်ရေးလုပ်ငန်းများမှာ-**

Lot-1 အမှတ်(၅)စက်မှုလယ်ယာစခန်း၊ စစ်ကိုင်းမြို့ရှိ အရာရှိနေအိမ် မူလသစ်သားတိုင်၊ အုတ်ညှပ်အဆောက်အအုံအား(၃၀'x၂၀'x၁၁') RC(၁)ထပ် (၁)လုံးအဖြစ် အသစ်ဆောက်လုပ်ခြင်း(Apron & Drain)၊ (ရေမီးအပါ) Septic Tank (13'-6"x6'-6"x7') (1)Nos အပါ

Lot-2 အမှတ်(၅)စက်မှုလယ်ယာစခန်း၊ စစ်ကိုင်းမြို့ရှိ အုတ်ခြံစည်းရိုး (၁၁၆၀'x ၆') အား အသစ်ကာရံခြင်း (၉"x၉") RCC တိုင်၊ (၉")ထု အုတ်မြစ်ခုံ မြေပေါ် (၁')အမြင့် (၄ ½")ထု (၅') အမြင့်အုတ်ခြံစည်းရိုး၊ (၁၆'x၆') ပင်မသံပန်း တံခါး (၁)ချပ်၊ (၃'-၆"x ၆') လူဝင်ပေါက်သံပန်း တံခါး(၁)ချပ်အပါ

Lot-3 ကန့်ဘလူမြို့နယ် (ညောင်ပင်ကြီး) စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း ဧက(၁၀၀)

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | - | ၂၉-၄-၂၀၂၆ ရက် |
| (ခ) **တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်အချိန်** | - | ၂၀-၅-၂၀၂၆ ရက် ညနေ ၄:၀၀နာရီ |
| (ဂ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** | - | တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ စက်မှုလယ်ယာ ဦးစီးဌာန၊ စစ်ကိုင်း တိုင်းဒေသကြီး၊ မုံရွာမြို့ |
| (ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်** | - | (ဆက်သွယ်အကြောင်းကြားပါမည်) |

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာန၊ ဖုန်း-၀၉-၂၁၃၀၅၀၁၊ ၀၇၁-၂၀၂၃၇၇၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

သင့်အပေါ်တွင် တရားလို ဒေါ်နန်းနွန်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ( ၈၈-၉ )၊ ဦးပိုင်အမှတ် (၅၅)၊ ဧရိယာ (၀.၀၅၅၁) ဧကေ အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ဧရိယာ (၃၀ x ၄၀) ပေ အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်၊ (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၂ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇင်မာဝေ)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်သားမြို့နယ်၊ အမက-တောင်ရိုးကျောင်းမှ ဒေါ်မေသဇင်ဦး (လက်ထောက်မူလတန်းပြ) ၏ ဖခင် ဦးစိုးလွင် နှင့် ဦးစိုးလွင်ဦး ၉/မသန(နိုင်)၁၆၃၁၈၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးစိုးလွင် (ခ) ဦးစိုးလွင်ဦး

## မွေးသက္ကရာဇ်အမှန်

မြစ်သားမြို့နယ်၊ အထက-လမ်းခွကျောင်းမှ ဒေါ်တင်နွယ်ဦး (ဥယျာဉ်လုပ်သား) ၉/မသန (နိုင်) ၁၂၃၈၈၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၅-၁၉၈၆ ဖြစ်ပါကြောင်း။

၃-၅-၁၉၈၆

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/35596 ယာဉ်လက်ဝယ်ရှိသူ ဦးသက်လွင်ဦး ၉/စကတ(နိုင်)၁၁၄၄၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၆ x ၃၇လမ်းကြား၊ ၅၈ လမ်းနေ၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီဝင်း (ဘ) ဦးထွန်းကြိုင် (ခ) ဦးထွန်းဝင်း ၁၃/သပန(နိုင်)၀၂၇၄၁၆ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာအုပ်စု၊ ငွေးကြီးကုန်း၊ ကွင်းအမှတ် (၅၄၂)၊ ဦးပိုင်အမှတ် (၂၉) ထဲမှ လယ်မြေဧရိယာ ၄၀ ပေ x ၆၀ ပေ(နှစ်ကွက်တွဲ)ကို ပုံစံ (၇)ဖြင့် အမည်ပေါက်လုပ်ပိုင်ခွင့်ရရှိထားသော ကွယ်လွန်သူ ဦးညိုမောင် (ဘ) ဦးတင်မောင် ၉/အမရ(နိုင်)၁၁၁၈၁၄ ၏ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ထားသည့် ဇနီးဖြစ်သူ ဒေါ်မြလေး ၉/အမရ(နိုင်) ၁၂၈၈၂၄ ထံမှ (၈-၇-၂၀၁၈) ရက်တွင် ကာလတန်ဖိုးအတိုင်း ဒေါ်နီနီဝင်းအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရောက်ရရှိကာ လက်ရှိထားနေထိုင်လျက်ရှိသူ ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက် (၂) ကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီနီဝင်းမှ လွှဲ၍ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ လုံးဝပြုလုပ်၍မရကြောင်းနှင့် ဒေါ်နီနီဝင်း၏ သဘောတူခွင့်ပြုချက်မပါဘဲ ဖော်ပြပါအတိုင်း မပြုလုပ်ကြရန် အသိပေးတားမြစ်ပါသည်။ အကယ်၍ မည်သူမဆို ကျွန်ုပ်၏ မိတ်ဆွေသိရှိခြင်း၊ သဘောတူညီခြင်း၊ ပါဝင်ခြင်းမရှိဘဲ တားမြစ်ထားချက်အား မည်သူမဆိုဖောက်ဖျက်လျှင် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နန်းဆိုင်အေး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၁၈)
အမှတ် - ၁၄၆၆၊ စစ်တောင်းလမ်းနှင့် ပဒုမ္မာလမ်းထောင့်၊
ရွှေကြာပင်ဘောလုံးကွင်းရှေ့၊ ရွှေကြာပင်ရပ်ကွက်၊
ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း- ၀၉-၄၂၈၁၃၄၃၆၆

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၂) ရပ်ကွက်၊ အကွက်အမှတ် ဆ-၃၊ ဦးပိုင်အမှတ် ၂၅ခဲစင်း/၆၉ x ၇၀လမ်းကြား၊ ၁၀၇ x ၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝါဝါနွယ် ၉/မနတ(နိုင်)၀၁၁၆၁၅ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၅၅၃/၂၀၁၆) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းဝင်း ၉/မရတ(နိုင်)၀၈၈၈၅၇ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၁ ရပ်ကွက်၊ အကွက်အမှတ် ဏ-၈၊ ဦးပိုင်အမှတ် ၂၈-က/၁၀၆ x ၁၀၇ ကြား၊ ၆၂ x ၆၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်နု ၉/မသန(နိုင်)၀၀၇၂၂၅၊ ဒေါ်ဝင့်ဝါဦး ၉/မသန (နိုင်)၁၆၇၁၃၉ တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၁ နှင့် ၅)
### မဟာအောင်မြေခရိုင်တရားရုံးတော်
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၀၆

ဦးသိန်းအောင်(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးအောင်မြင့်သိန်း) (တရားလို)
နှင့်
၁။ ဦးအောင်မျိုးဝင်း
၂။ ဦးခိုင်စိုး (တရားပြိုင်များ)

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အမှတ်(တတ-၂၀/၅၂) နေ ဦးခိုင်စိုး (ဘ) ဦးသံချောင်း (ယခုနေရပ်လိပ်စာမသိသူ) အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မြေကွက်အမှတ်-လလ-၃၄/၈၁+၈၂ တို့၏ မြေနေရာချထားမိန့် စာရွက်စာတမ်းမူရင်းများ လက်ရောက်ရလိုမှု"ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်(၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူဇာဦး)
ဒုတိယခရိုင်တရားသူကြီး (၃)
မဟာအောင်မြေခရိုင်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် အ-၁၈၊ ဦးပိုင်အမှတ် ၆/၇၂ x ၇၂၃ လမ်းကြား၊ ၁၁၉ x ၁၂၀ လမ်းကြားရှိ ဒေါ်ခင်မေအုန်း အမည်ပေါက် တောဂရန် မြေကွက်အား တရားလို ဒေါ်ခင်မာဆွေက တရားပြိုင် ဒေါ်ခင်မေအုန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် မဟာအောင်မြေခရိုင် တရားရုံးတော်၊ တရားမကြီးမှု အမှတ် (၂၄၁/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ခင်မာဆွေ ၅/စကန(နိုင်)၀၅၃၀၂၆ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ၃၊ ဦးပိုင်အမှတ် ၁၁၃/၅၁ x ၅၂ လမ်းကြား၊ ၁၁၁ x ၁၁၂ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၁၅၇၃/၉၁-၉၂)အရ ဦးကျော်သိန်း ၅/စကန(နိုင်)၁၄၄၁၁၂ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးကျော်သိန်း ၅/စကန(နိုင်)၁၄၄၁၁၂ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ အကွက်အမှတ် ခခ-၂၁၊ ဦးပိုင်အမှတ် ၃/၆၇ x ၆၈ လမ်းကြား၊ ၁၃၁ x ၁၃၂ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးကိုလေး ၅/စကန(နိုင်)၀၂၇၀၅၅ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၅၇/၂၀၁၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမြင့်ဆွေ ၉/အမရ(နိုင်)၀၇၂၅၂၁ က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ပြည်သာယာမြောက်ပိုင်း (၄) လမ်း၊ အိမ်အမှတ် ပသယ(မ)-၀၉၅၀နေ (ဘ) ဦးတင်ဆန်း(ကွယ်လွန်)၊ (အမိ) ဒေါ်ဝင်းမြင့်ကြည် ၉/မထလ(နိုင်)၀၆၃၂၆၁ တို့၏ သားဖြစ်သူ ကိုငြိမ်းဝင်းညွှန့် (ခ) ကိုဖူး ၉/မထလ(နိုင်)၁၇၅၄၀၆ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ငွေရေးကြေးရေးနှင့် လူမှုရေးပြဿနာများပြုလုပ်၍ မိသားစုဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းများကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေး မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်ဝင်းမြင့်ကြည်
၉/မထလ(နိုင်) ၀၆၃၂၆၁

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မေနန်းစံ (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၅၂၉၆)
နန်းတော်ကုန်းရပ်ကွက်၊ နယ်မြေ (၄)၊
မိတ္ထီလာမြို့၊ ဖုန်း-၀၉- ၇၈၇၆၂၃၃၆၁

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည) ရပ်ကွက်၊ အကွက်အမှတ် လလ- ၄၂၊ ဦးပိုင်အမှတ် ၅၅ ခဲစင်းအနောက်ခြမ်း/ ၅၇ x ၅၈ လမ်းကြား၊ ၁၄၀ x ၁၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ အစ်မ ဒေါ်စိမ့်ဝတ်ရည် ၉/ပကခ (နိုင်) ၀၀၅၁၈၀ မှ မောင်အရင်းဖြစ်သူ ဦးသာပြည့်ဇော်အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (G)၊ ဦးပိုင်အမှတ် ၁၁၃/၅၈ x ၅၉ လမ်းကြား၊ ၁၀၉ x ၁၁၀ လမ်းကြားရှိ ဦးရန်ရှင်း အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်ကေသီခင်က တရားပြိုင် ဦးရန်ရှင်း (၎င်း၏ SP ရရှိသူ ဒေါ်ခင်စန်းဝင်း)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၅၆/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ကေသီခင် ၁/မညန(နိုင်)၁၄၉၇၈၉ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ် ထထ-၂၊ ဦးပိုင်အမှတ် ၅/၆၀ x ၆၀ C လမ်းကြား၊ ၁၂၆ x ၁၂၇ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၁၀၈၅/၉၀-၉၁)အရ ဒေါ်ခင်သီ ၉/မနမ(နိုင်)၀၃၀၂၉၆၊ MGG-၀၄၀၁၈၀ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်ခင်သီ ၉/မနမ(နိုင်) ၀၃၀၂၉၆၊ MGG-၀၄၀၁၈၀ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19W/37233 Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဇော်ဟန် ၉/မရမ(နိုင်) ၀၀၀၉၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/38386 YUNDE -110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထက်ထက်ဝင်း ၉/အမဇ (နိုင်) ၀၇၅၈၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ် လလ-၄၊ ဦးပိုင်အမှတ် ၆၈/၆၄ x ၆၅ လမ်းကြား၊ ၁၃၉ x ၁၄၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးမြင့် အီးအမ်ဒီဝိုင်-၃၀၉၈၃၉၊ ၁၃/တကန(နိုင်)၀၁၇၅၁၀ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၃၇/၂၀၀၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လှလှမိုး ၉/မရတ(နိုင်)၀၀၇၀၃၁ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ကရင်ပြည်နယ်
## တင်ဒါအမှတ်စဉ် (၁/၂၀၂၆-၂၀၂၇) (လုပ်ငန်း)
## အိတ်ဖွင့်တင်ဒါ ( Open Tender )ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကရင်ပြည်နယ်အတွင်းရှိ (လမ်း/တံတား) အထူးအဖွဲ့များ နှင့် ခရိုင်အဖွဲ့များ၏ (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတား/ အဆောက်အအုံ လုပ်ငန်းများ အတွက် လုပ်ငန်းတင်ဒါများကို အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူဆောင်ရွက်မည်ဖြစ်ပါသဖြင့် လမ်းဦးစီးဌာနရှိ သက်ဆိုင်ရာ ရုံးများတွင် တင်ဒါလျှောက်လွှာများ ဝယ်ယူ လျှောက်ထားနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်-

| | |
|---|---|
| **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် ရက်/အချိန်** | - (၄-၅-၂၀၂၆)ရက်၊ (တနင်္လာနေ့) (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်/အချိန်** | - (၁၅-၅-၂၀၂၆)ရက်၊ (သောကြာနေ့) (ရုံးချိန်အတွင်း) |
| **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** | (၂၀-၅-၂၀၂၆)ရက် ၊(ဗုဒ္ဓဟူးနေ့) နံနက် ( ၁၀ : ၀၀)နာရီ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်၊ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ အပြောင်းအလဲရှိပါက ထပ်မံကြေညာမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**ဘားအံခရိုင် - ဖုန်း - ၀၉-၆၇၀၂၅၂၇၂၄**

## အများသိစေရန် ကြေညာခြင်း

ကျွန်တော် ဦးမျိုးအေး (၇/တငန(နိုင်)၀၀၁၉၈၄) အမည်ပေါက် ပိုင်ဆိုင်သည့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ ဟံသာဝတီလမ်း နှင့် သမိန်ဗရမ်းလမ်းထောင့်၊ အမှတ်-၂၂/၃၇။ ဦးပိုင် အမှတ်(၂/၃၇)၊ မြေကွက်အမှတ် (၅)၊ ဧရိယာ (၀. ၁၁၀) ဧကရှိသည့်အနက်မှ ပေ (၄၀x၆၀) ရှိ မြေကွက်နှင့် ယင်းမြေကွက်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို (၉-၃-၂၀၁၆)ရက်တွင် မိဘနှစ်ပါးဖြစ်သည့် ဖခင် ဦးစိုးဝင်း (၇/တငန(နိုင်)၀၈၇၄၂၂)၊ မိခင် ဒေါ်သန်းသန်းအေး (၇/တငန (နိုင်)၁၁၆၀၈၀)နှင့် ဦးမျိုးအေး (၇/တငန(နိုင်)၀၀၁၉၈၄)တို့မှ ဦးအောင်နိုင်စိုး (၇/တငန(နိုင်)၀၀၁၉၈၅) အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကတိစာချုပ် (အရပ်စာချုပ်) ချုပ်ဆို၍ ပေးအပ်ခဲ့ပါသည်။ ယခုအခါ ဦးအောင်နိုင်စိုး (၇/တငန (နိုင်)၀၀၁၉၈၅)သည် (၁-၁၂-၂၀၂၁) ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်ပါ၍ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းအား ပယ်ဖျက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ-ဦးစိုးဝင်း (၇/တငန(နိုင်)၀၈၇၄၂၂)၊**
**ဒေါ်သန်းသန်းအေး (၇/တငန(နိုင်)၁၁၆၀၈၀)၊**
**အစ်ကို-ဦးမျိုးအေး (၇/တငန(နိုင်)၀၀၁၉၈၄)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၃၃)နေ ဒေါ်ပြုံး ၉/မသန(နိုင်) ၀၂၀၇၅၇ သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ မင်္ဂလာသုခ(၃)လမ်း၊ မြေကွက်အမှတ် (၁၂၅၄)၊ အကျယ်အဝန်း အလျား (၄၀) ပေxအနံ (၆၀) ပေ၊ (၂၄၀၀) စတုရန်းပေရှိ ဦးဇော်ထွန်းအောင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ထွန်းအောင် ၁၂/သဃက(နိုင်) ၀၁၃၄၄၃ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့် တကွကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ပြုံး** | **ဒေါ်နုနုလှိုင်(LL.B)(D.B.L)(D.I.P.L)** |
| **၉/မသန(နိုင်)၀၂၀၇၅၇** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၃)(၂၇.၁၂.၂၀၁၈)** |
| | **အမှတ်(ခ/၇၅၀)၊ ဗေဒါ(၂)လမ်း၊ ဒဂုံမြို့သစ်/** |
| | **အရှေ့ပိုင်း၊ ဖုန်း-၀၉ ၂၅၀၆၅၈၃၃၆** |

## ကန့်ကွက်ထားခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မင်းလွင်ကုန်းကျေးရွာ၊ အမှတ် -၂၄၀နေ ကျွန်ုပ်၏မိတ်ဆွေ (ဘ) ဦးဝင်းမြင့် ၏သား ဦးအောင်နိုင်ဝင်း (၇/ပခန(နိုင်) ၂၃၄၇၈၅) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် (၉-၃-၂၀၂၃) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ (၄-၉-၂၀၂၃) ရက်ထုတ်နှင့် (၃-၁၁-၂၀၂၃) ရက်ထုတ် ကြေးမုံသတင်းစာတို့တွင် ရတနာပုံအဆင့်မြင့် ဈေးသစ်ကြီး၏ မြေညီထပ် ဆိုင်ခန်းအမှတ် (၄၅/၄၆/၄၇) တို့နှင့်ပတ်သက်ပြီး မိမိမှသာ စီမံခွင့်ရှိသူဖြစ်၍ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း မပြုလုပ်ရန် ကြေညာထားရှိခဲ့ပါသည်။ ယခုအခါ အဆိုပါဆိုင်ခန်း များနှင့် ပတ်သက်၍ မိသားစုညှိနှိုင်းပြေလည်မှုရရှိပြီးဖြစ်၍ သတင်းစာများမှ ကျွန်ုပ်မိတ်ဆွေ၏ ကန့်ကွက်ထားခြင်းအား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသိန်းငွေး(ခ)ဦးအောင်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၈၃/၈-၂-၂၀၂၂)**
**အမှတ်(၉/၁၁)-မြေညီ၊ ၃၆လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၆၄၂၃၉၇၁**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ကရင်ပြည်နယ်
## တင်ဒါအမှတ်စဉ် (၁/၂၀၂၆-၂၀၂၇) (ပစ္စည်း)
## အိတ်ဖွင့်တင်ဒါ ( Open Tender )ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကရင်ပြည်နယ်အတွင်းရှိ (လမ်း/တံတား) အထူးအဖွဲ့များ နှင့် ခရိုင်အဖွဲ့များ၏ (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်း/ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့်ဆောင် ရွက်မည့် လမ်း/တံတားလုပ်ငန်း များ အတွက် လိုအပ်သောပစ္စည်းများကို အောက် ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါ ( Open Tender) ခေါ်ယူဆောင်ရွက်မည်ဖြစ်ပါသဖြင့် လမ်းဦးစီးဌာနရှိ သက်ဆိုင်ရာရုံးများတွင် တင်ဒါလျှောက်လွှာများ ဝယ်ယူ လျှောက်ထားနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်-

| | |
|---|---|
| **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် ရက်/အချိန်** | - (၄-၅-၂၀၂၆)ရက်၊ (တနင်္လာနေ့) (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - (၁၅-၅-၂၀၂၆)ရက်၊ (သောကြာနေ့) မွန်းလွဲ(၁ : ၀၀)နာရီ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** | - (၁၉-၅-၂၀၂၆)ရက် (အင်္ဂါ နေ့ ) နံနက် ( ၁၀ : ၀၀)နာရီ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်၊ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ် များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အပြောင်းအလဲရှိပါက ထပ်မံကြေညာမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**

**ဘားအံခရိုင် - ဖုန်း - ၀၉-၆၇၀၂၅၂၇၂၄**
**ကော့ကရိတ်ခရိုင် - ဖုန်း - ၀၉-၂၅၅၇၉၄၁၄၈**
**မြဝတီခရိုင် - ဖုန်း - ၀၉-၇၉၆၇၃၂၈၄၂**
**ဖာပွန်ခရိုင် - ဖုန်း - ၀၉-၄၂၅၉၀၂၂၈၄**
**သံတောင်ကြီးခရိုင် - ဖုန်း - ၀၉-၆၇၇၇၂၃၇၃၇**
**လမ်းအထူးအဖွဲ့ (၂၂) - ဖုန်း - ၀၉-၆၉၂၁၃၈၄၆၇**
**တံတားအထူးအဖွဲ့ (၁၄) - ဖုန်း - ၀၉-၄၅၂၉၀၄၅၅၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီ(၃)ရပ်ကွက်၊ လမ်းမတော်လမ်း၊ မြေကွက်အမှတ်(၁၂၄၀)တွင် မြေအကျယ်အဝန်း အလျား ပေ၄၀x ပေ၆၀ရှိ မူလပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူထားသော ဒေါ်ဝါဝါသင်းနု ၁၂/သလန(နိုင်)၁၀၃၉၉၂ ပိုင်ဆိုင်သော မြေကွက်ကို ၎င်းတရားဝင်ပိုင်ဆိုင် ရောင်းချခွင့် ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ် ဦးဖြိုးပြည့်ကျော် ၁၂/ဥကတ(နိုင်)၁၅၇၃၃၅မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင် ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့် အတူ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဖြိုးပြည့်ကျော် ၁၂/ဥကတ(နိုင်)၁၅၇၃၃၅**
**ဖုန်း-၀၉-၄၂၀၉၀၇၇၇၉၊ ၀၉-၇၈၀၁၂၇၅၁၁**

## လင်မယားနှစ်ဦးပိုင်မရွှေ့မပြောင်းနိုင်သောပစ္စည်းများဖြစ်ကြောင်း အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးကျော်လင်းဦး ၇/ပခန(နိုင်)၀၀၂၆၂၇ ၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည် ဦးကျော်လင်းဦးနှင့် ဒေါ်ကြည်ကြည်လှိုင် ၁၂/သဃက (နိုင်) ၁၅၇၈၁၇ တို့သည် (၃-၈-၂၀၀၉) နေ့တွင် တရားဝင်လက်ထပ် ထိမ်းမြား ခဲ့ကြသော လင်မယားဖြစ်ကြပါသည်။ အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများသည် လင်မယားနှစ်ဦးလက်ထက်ပွားပိုင်ဆိုင်သော ပစ္စည်းများ ဖြစ် ပါသည်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ဒေဝဒဟ (၁၁) လမ်း၊ အိမ်အမှတ်-၉၀၆/ခ၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၃၊ မြေကွက်အမှတ်-၉၀၆/ခ၊ အကျယ်အဝန်း (၂၀ ပေx၆၀ပေ)ရှိ ဒေါ် ကြည်ကြည်လှိုင် အမည်ပေါက်မြေနှင့်အိမ်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ ရတနာလမ်း၊ တိုက်အမှတ်-၆၊ အခန်း ၁၃၊ ပထမထပ်၊ အကျယ်အဝန်း ( ၂၆ ပေx ၃၀ ပေ) ရှိ ဦးကျော်လင်းဦးနှင့် ဒေါ်ကြည်ကြည်လှိုင် အမည်ပါ တိုက်ခန်း (၁) ခန်း။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ၂၁-ရပ်ကွက်၊ ပျဉ်းမပင်လမ်း၊ အမှတ်-၅၉၇/ခ ၊ (၁၀ ပေx ၆၀ ပေ)ရှိဒေါ်ကြည်ကြည်လှိုင် အမည်ပါ ပါမစ်မြေနှင့်အိမ်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၆၆) ရပ်ကွက်၊ အင်းဝအိမ်ရာ၊ တိုက်အမှတ်-၃၃၊ အခန်း-၂၀၂၊ ဒေါ်ကြည်ကြည်လှိုင်အမည်ပါ တိုက်ခန်း (၁) ခန်း။

အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများသည် ဦးကျော်လင်းဦးနှင့် ဒေါ်ကြည်ကြည်လှိုင်လင်မယား နှစ်ဦးပိုင်လက်ထပ်ပွားပစ္စည်းများဖြစ်ပါသဖြင့် ဦးကျော်လင်းဦးသိရှိခြင်း၊ သဘောတူခွင့်ပြုခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်း ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ် ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် မည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထင်ကျော်**
**B.Sc., H.GP, R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၁၅/၉၀)**
**အမှတ်-၁၃၈၊ ပထမထပ်၊ ၃၂ လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉-၅၁၈၆၀၂၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၉

၁။ ဦးအေးလွင် **နှင့်** တသလှိုင်ထွန်း
၂။ ဒေါ်သိဂီမြင့်

**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ ၆၅x၆၆ လမ်းကြား၊ ၁၃၄x၁၃၅ လမ်းကြား၊ အကွက်(ပပ-၆)နေ တသလှိုင်ထွန်း (ဘ)ဦးမျိုးတင့် (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအေးလွင်ပါ(၂)ဦးက မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၈)၊ ဦးပိုင်အမှတ်(၈၀)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ တသလှိုင်ထွန်း အမည်ပေါက်ဂရန်မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထား စွဲဆို သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေ လ ၁၂ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းကျေးရွာအုပ်စု၊ ကင်ပွန်းတန်းကျေးရွာ၊ ကွင်းအမှတ်(၁၆၉၂)၊ ကင်ပွန်းတန်းကွင်း၊ ဦးပိုင်အမှတ်(၅၂/၃)အတွင်းရှိ မြေပေါ်တွင် စက်သုံးဆီ အရောင်း ဆိုင်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် ဦးပြုံးချိုသို့ (၃၀-၁၂-၂၀၂၀) မှ (၂၉-၁၂-၂၀၅၀)အထိ ထုတ်ပေးထားသည့် စက်မှု/စီးပွားမြေငှားဂရန်အား ဦးကောင်းထက်ဇော်၊ ၁၄/ရကန(နိုင်) ၁၃၀၀၈၀ မှ (၁၃-၁-၂၀၂၆)ရက်တွင် စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၀၀၈/၂၀၂၆)ဖြင့် စက်မှု/ စီးပွားမြေငှားဂရန် မြေကွက်နှင့် အဆောက်အအုံအား နှစ်ဦးသဘောတူ အရောင်း အဝယ်စာချုပ် ချုပ်ဆိုပြီး ပိုင်ဆိုင်သည့်မြေဧရိယာ (၀.၁၈)ဧကအား စက်မှု/ စီးပွားမြေငှားဂရန် အမည်ပြောင်းချထားပေးနိုင်ပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ ပျဉ်းမနားမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ (၈-၅-၂၀၂၆)ရက် နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပျဉ်းမနားမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(ဒ-၆၀၆၉)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်ရွှေစင် ဝင်းထွဋ်(ဘ)ဦးမြင့်ထွဋ်လွင် ၉/အမရ(နိုင်)၀၀၄၉၆၇ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ရွှေစင်ဝင်းထွဋ်မှ ဒေါ်အိမာလွင်(ဘ)ဦးမြင့်လွင် ၉/ပမန(နိုင်)၀၄၂၂၀၀ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (ယခင်၊ ၆၇၅/တလုံးတောရ၊ ယခု၊ ၇၂/ သာစည်ဈေး)၊ ဦးပိုင်အမှတ်(ယခင် ၈၇/ည၊ ယခု (၈၊ ၉))၊ ဧရိယာ(၀.၀၅၈) ဧကရှိမြေကွက်သည် မြို့မြေ အမှုတွဲအမှတ် ၅၆/၁၉၉၄ - ၁၉၉၅ အရ ဦးစိုးဝင်း အမည်ဖြင့် (၁၈-၄-၁၉၉၅) မှ (၁၇-၄-၂၀၂၅)အထိ နှစ် (၃၀) ရရှိထားသော မြေငှားစာချုပ်အား ဒေါ်ဆွေဆွေဦး အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထား ခြင်းကို ဆောင် ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် ၁၀-၄-၂၀၂၆ ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၆)၊ ကေတုမတီလမ်း၊ မြေကွက် အမှတ်(၄၇/ခ) ဟုခေါ်တွင်သော မြေအလျားxအနံ (၂၀x၆၀)ပေရှိ မြေချပါမစ်မူရင်း မြေကွက်နှင့်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားမူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်အေးကြွယ် ၁၂/ဥကမ(နိုင်)၁၄၁၆၉၉ ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်သူရ ၁၂/ဒဂတ (နိုင်)၁၃၄၄၅၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစည်သူဖြိုး ၁၂/မဂတ(နိုင်)၀၈၇၁၆၅၊ ဒေါ်ဝင်းသီရိဟန် ၁၂/ဒဂတ(နိုင်) ၀၂၉၉၆၁ တို့က အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါ သည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ရဲဘိုအောင် ၈/ပခက (နိုင်)၂၅၅၈၀၇ ၏ Passport MF 367686, CDC 105708, SID, All in one စာအုပ် များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၇၅၉၀၆၇၂၄၂**

## အများသိစေရန်ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ် (၁၀) ရပ်ကွက် တွင် နေထိုင်သူ ဦးဇော်အောင်၏ ဇနီးဖြစ်သူ ဒေါ်ဇင်မာအောင် (၅/ခဥန (နိုင်)၀၈၅၃၈၂)သည် ကျွန်တော်၏ ဂုဏ်သိက္ခာကို အကြိမ်ကြိမ် ကျဆင်း အောင်ပြုလုပ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထား မတိုက်ဆိုင်ခြင်း တို့ကြောင့် (၁၅-၃-၂၀၂၆) ရက်တွင် မည်သူမျှမသိဘဲ နေအိမ်မှ ထွက်သွား ပါသဖြင့် နောက်နောင် ဒေါ်ဇင်မာအောင် နှင့်ပတ်သက်သည့် ကိစ္စရပ်များအား တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ် ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဦးဇော်အောင် ၅/ခဥန(နိုင်)၀၉၅၉၃၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/18057, HERO HONDA ယာဉ်လက်ဝယ်ရှိသူ ဦးထန် ရှင်းဂင် ၄/တတန(နိုင်)၀၁၅၆၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ခရိုင်ရုံး၊ ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W,38384, Yamaha F-2, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပြုံး ပြုံးလွင် ၅/ခဥတ(နိုင်)၁၁၁၅၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ဟ/၁၀၂၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ပိုလ်မှူးစောသိန်း(ငြိမ်း)

**အမှတ်(၂)အောင်ဆန်းသူရိယလှသောင်းကျောင်းအုပ်ကြီး(ငြိမ်း)**
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**အမှတ်(၁)အခြေခံပညာဦးစီးဌာန၊ အောက်မြန်မာပြည်**
**ကြည်း/၁၂၄၃**
**စစ်တက္ကသိုလ် အပတ်စဉ်(၁၄)**
**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၈၆)၊ ငုရွှေဝါလမ်း၊ ခရေပင်ရိပ်မွန်(၂)နေ ဒေါ်နှင်းဆီ ၏ချစ်လှစွာသောခင်ပွန်း၊ ဦးလမင်းသော(Area 51 Construction Co.,Ltd)၊ ဒေါ်သပြေ(AYA Bank)တို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်သည် ၃၀-၄-၂၀၂၆ရက် (ကြာသပတေးနေ့) မွန်းလွဲ (၂:၅၀) နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁-၅-၂၀၂၆ ရက် (သောကြာနေ့) မွန်းလွဲ (၂)နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ (၁၂:၃၀)နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း အစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့အား ဆက်ကပ်လှူဒါန်း အမျှပေးဝေလိုပါသောကြောင့် ၆-၅-၂၀၂၆ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးစောသိန်း(ငြိမ်း)
**အသက်(၇၅)နှစ်**

မင်္ဂလာဒုံမြို့နယ်နေ ဒေါ်နှင်းဆီ၏ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးစောသိန်း(ငြိမ်း) သည် ၃၀-၄-၂၀၂၆ရက် မွန်းလွဲ ၂:၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**သူငယ်ချင်းများ**
**စစ်တက္ကသိုလ်၊ အပတ်စဉ်(၁၄)**

---

## ဒေါ်ခင်မျိုးယု (UNICEF Myanmar)
**အသက် (၅၉) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ်(၁၅၀)၊ ဒုတိယထပ်နေ (ဦးမျိုးထွန်း) - ဒေါ်တင့်တင့်စန်း တို့၏ သမီး၊ ဦးစိုးမိုးဦး(UNICEF Myanmar)၏ ဇနီးသည် (၂၉-၄-၂၀၂၆) ရက် (ဗုဒ္ဓဟူးနေ့) ည(၈:၅၅)နာရီတွင် (၉၆)ပါးရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို (၁ - ၅ - ၂၀၂၆)ရက် (သောကြာနေ့) ညနေ (၄:၃၀) နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူ အား ရည်စူး၍ (၅- ၅ -၂၀၂၆)ရက် (အင်္ဂါနေ့) နံနက် (၈:၀၀)နာရီမှ (၁၀း၀၀) နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ပါရဂူဆေးခန်း ပထမထပ်သို့ တရားတော်နာကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ပါရဂူ ဆေးခန်းရှေ့မှ ကားများ ညနေ (၃:၀၀) နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

---

## အမည်ပြောင်း

(ဘ) ဦးရာဝင်းစိုး၏ သမီး ကျိုင်းတုံမြို့၊ ရတနာကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 ဖြေဆိုထားသော မသက်စုကျော် ၁၃/ကတန(နိုင်)၂၂၄၀၃၁ အား မဆုလာဘ်ဝင့်ထည် ဟု အမည်ပြောင်းလဲခေါ်ပါရန်။

---

## ပျောက်ဆုံးကြောင်း

(ဘ)ဦးကျော်စိန်၏ သမီး ကျွန်မ နန်းဆိုင်လင်းခမ်း ၁၃/သနန(နိုင်) ၀၄၃၂၀၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၉၄၀၅၉၃၀**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ Top ကိုယ်ပိုင်အထက်တန်းကျောင်း G-12 မှ မနှင်းမို့မို့ဖြူ၏ ဖခင် ဦးသူရ(ခ)ဦးသူရကျော် ၅/မရန(နိုင်) ၁၆၆၁၂၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသူရ(ခ)ဦးသူရကျော်**

---

## ပျောက်ဆုံးကြောင်း

(ဘ) ဦးချစ်အေး၏သား ကျွန်တော် မောင်အားတ (၁၃/ကတန(နိုင်) ၁၉၁၈၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၂၃၀၈၉၈၃**

---

## မွေးသက္ကရာဇ်အမှန်

(ဘ) ဦးဝင်းမောင်၏သမီး၊ အမရပူရမြို့နယ်၊ အထက၊ ပလစ (၂)မှ မူလတန်းပြဆရာမ ဒေါ်နန်းသန်းသန်းဦး (ခ) ဒေါ်သန်းသန်းဦး (၁၃/ကမန (နိုင်)၀၉၅၉၄၀) ၏ မွေးသက္ကရာဇ်အမှန်မှာ (တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ) ၁၄-၁-၁၉၆၅ ဖြစ်ပါကြောင်း။

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုင်းစွမ်းထက်ဘုန်းမြင့် ၁၂/ရကန(နိုင်) ၀၉၄၀၅၁၏ Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၉၉၈၀၀၉**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/12273, Honda Wave 110 ယာဉ်လက်ဝယ် ရှိသူ ဦးလှိုင်မင်းထွန်း ၉/နထက (နိုင်)၁၉၆၇၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (တာချီလိတ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၆၀၇၄၄, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအောင်ပွင့် (၁၃/မပတ(နိုင်)၀၃၆၇၆၈)က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ) ကျိုင်းတုံမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/85434, HAOJUE-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းဦး ၅/ဝလန(နိုင်) ၀၅၂၄၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆) ရပ်ကွက်၊ ဗိုလ်ချိုလမ်း၊ မြေကွက်အမှတ်(၈၃၅/ခ) ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၂၀'x၆၀') ရှိ မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် နှစ်(၆၀) မြေငှားဂရန်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စင်သီယာထွေး(၉/မကန(နိုင်)၀၇၇၁၀၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်မင်းထွေး (၁၂/ကတတ(နိုင်)၀၀၁၈၁၇)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ် (၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း -၀၉-၄၅၀၀၃၅၀၇၀**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစံညိမ်း
**အသက် (၈၈) နှစ်**

ဒေါ်ခင်သက်တင်၏ ခင်ပွန်း၊ မအေးအေးမြတ်၊ မောင်ထွန်းအောင်လင်း၊ မစုထွေးလှိုင်တို့၏ ဖခင်ကြီးသည် ၂၈-၄-၂၀၂၆ ရက် (အင်္ဂါနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြညွှန့်-ဒေါ်ခင်ဖြူ မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစံညိမ်း
**အသက် (၈၈) နှစ်**

သူငယ်ချင်း ဦးထွန်းအောင်လင်း၏ ဖခင်ကြီး သည် ၂၈-၄-၂၀၂၆ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဝင်းညွှန့်-ဒေါ်နေဝါလှိုင် မိသားစု**

---

### ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀)**
**သန်လျင်မြို့နယ်တရားရုံး**
**၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၄၂**

ဒေါ်ကျော်မီမီနိုင် နှင့် ဦးသိန်းနိုင်
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး ၊ သန်လျင်မြို့နယ် ၊ ညောင်သုံးပင်ကျေးရွာအုပ်စု ၊ နှင်းဆီလမ်း နေ တရားပြိုင် ဦးသိန်းနိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေ နှင့် ဖြစ်စေ ၊ ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက် (၁၃၈၈ ခုနှစ် ၊ ကဆုန်လဆုတ် ၁၄ရက်) (ကြာသပတေးနေ့) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များ ကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီ လ၊ ၂၇ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( နွေးနွေးအောင် )**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**သန်လျင်မြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေး မြောက်ရပ်ကွက်၊ သမိန်ဗရမ်း(၂)လမ်း၊ အမှတ်(၃၀၀/ခ) ဟုခေါ်တွင်သော ပေ(၂၀x၆၀) မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးသည် ဦးကြည်ဝင်း-ဒေါ်ခင်မာလွင် အမည်ပေါက် ပိုင်ဆိုင်ကြောင်းနှင့်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆို၍ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်သည့် အရောင်း/အဝယ်ကို ကန့်ကွက်လိုပါက (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း (မူရင်း) များနှင့်အတူ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသူထွန်း (LL.B) (စဉ်-၁၃၆၆၄) တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၉၆)၊ ရိပ်သာလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ Ph: 09-254190496, 09-965450595**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဇ/မြောက်)ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ်(၂၁/ခ)၊ (၃၃ပေx၅၅ပေ)အကျယ်ရှိ Penthouse တိုက်ခန်းအား ပိုင်ဆိုင်သူ ဒေါ်နှင်းထက်ဝေ (၈/ပဖန(နိုင်)၁၁၀၂၄၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ရည်မွန်မြတ်(၁၂/ပဇတ(နိုင်)၀၃၂၀၁၈) မှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်ဒေသကို ပေးထားပြီးဖြစ်ပါသည်။ ဖော်ပြပါ Penthouse တိုက်ခန်းကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများ နှင့်အတူ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကောင်းမြင့်**
**အထက်တန်းရှေ့နေ(စဉ်-၄၃၅၄၈)**
**အမှတ်(၉၆၆/က)၊ ကျော်သူ(၁၈)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၀၉၁၃၁**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစံညိမ်း (ဒု အင်ဂျင်နီယာချုပ်-ငြိမ်း)
**အသက် (၈၈) နှစ်**

သူငယ်ချင်း ဦးထွန်းအောင်လင်း၏ ဖခင် ဦးစံညိမ်း အသက် (၈၈) နှစ်သည် ၂၈-၄-၂၀၂၆ ရက် ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ် (၃၈) မှ သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်နိုင်ထွန်း
**အသက် (၆၄) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးမြရပ်ကွက်၊ ဖွံ့ဖြိုးရေးလမ်း၊ အမှတ်(၉၇)နေ ဒေါ်သန်းသန်းမေ၏ခင်ပွန်း၊ ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်သင်းသီတာထွန်း၊ မောင်ကျော်ဇင်မင်းထွန်း၊ မောင်သက်နိုင်ထွန်း တို့၏ မွေးသဖခင် ဦးကျော်နိုင်ထွန်းသည် ၂၉-၄-၂၀၂၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီမှဆောက်လုပ်ရောင်းချသော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်၊ ဖန်ချက် စက်လမ်း၊ မုဒိတာအိမ်ရာ (၂)၊ အခန်းအမှတ် 2B- 637 တိုက်ခန်းအား ကျွန်ုပ်၏ အမှုသည် ဦးခမ်ဆုမ်းထန် (ဘ) ဦးမန်းဒိုလျံ (၅/တမန (နိုင်)၀၃၆၄၅၄) မှ အမည်ပေါက်ပိုင်ဆိုင်ထားပါသည်။ ယခုအခါ အထက်ဖော်ပြပါ 2B- 637 တိုက်ခန်း၏ ပိုင်ဆိုင်မှု(မူရင်း)စာရွက်စာတမ်းများမှာ သဘာဝမီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ပါသဖြင့် တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီတွင် မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁)လအတွင်း တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီတွင်လည်းကောင်း၊ ကျွန်ုပ်ထံတွင်လည်းကောင်း စာရွက်စာတမ်း (မူရင်း) အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေစုနိုင် (LL.B), (D.I.L), (D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၀၁၁) (၂၉-၅-၂၀၁၅)**
**၂အေ-၃၈၂၊ မုဒိတာအိမ်ရာ(၂)၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၇၉၅၄၉၉၇၈၂**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃ ရပ်ကွက်၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ အမှတ် (၃၅၅/ဘီ) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း(၆)ထပ်တိုက်၏ တတိယထပ်၊ ၄-လွှာ၊ အကျယ်အဝန်း (၁၈ပေx၅၄ပေ)ရှိ တိုက်ခန်းအား ဒေါ်မေသဥ္ဇာအောင်(၁၂/ဥကမ(နိုင်)၁၈၈၅၅၁)မှ အဆက်အစပ်စာချုပ်များဖြင့် တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ဇင်ဇင်သူ (၈/မကန(နိုင်)၁၀၉၄၁၅)နှင့် ဒေါ်ဝင့်ဝင့်သူ (၈/မကန(နိုင်)၁၂၀၉၂၅)တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်ဇင်သူနှင့် ဒေါ်ဝင့်ဝင့်သူတို့၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရာဇာထွန်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၈၀၉၉)**
**အမှတ်(၁၄)၊ မှန်ခန်း(ဘီ)၊ ဇမ္ဗူသိင်္ဂီလမ်း၊ ဗိုလ်ကုံညွှန့်ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၇၂၄၆၃၅**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ မြေကွက်အမှတ်(၁၁)ပေါ်တွင် ဆောက် လုပ်ထားသည့်(၂)ခန်းတွဲ(၈)ထပ်တိုက် အဆောက်အအုံ၏ တတိယထပ်၊ ၄-လွှာ(A)၊ (တိုက်ဘက်ကိုမျက်နှာမူ၍ကြည့်လျှင် ဝဲဘက်ခြမ်း)၊ ဧရိယာ(၁၂ပေx၆၇ပေ)အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင်တွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အစဉ်အဆက်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်တင်တင်ဝင်း (၁၂/စခန(နိုင်)၀၆၈၁၁၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မမအောင် (၁၂/ကမတ(နိုင်) ၀၀၁၀၆၁)က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ (သို့) ဆက်ခံခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်မျိုးသူ (LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၆၂)**
**အမှတ် (၉၁)၊ ၄ - လွှာ(ဘီ)၊ (၁၂၃)လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၁၃၂၂၇၆**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၁၃၈၈ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၃၀

**၁၃၈၈ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးတို့ တက်ရောက်၍ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ သာသနဝေပုလ္လကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကောဝိဒနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရပိဋကတ္တယပါရဂူ ဘဒ္ဒန္တ သိရီကဉ္စနာဘိဝံသတို့

စာမျက်နှာ ၈ ကော်လံ ၁ ❂





ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကောဝိဒထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြစဉ်။

## လယ်ယာကဏ္ဍအပါအဝင် စက်သုံးဆီများ အဆင်ပြေချောမွေ့စွာ တင်သွင်းဖြန့်ဖြူးလျက်ရှိနေမှုအခြေအနေအား သတင်းထုတ်ပြန်ချက်

၂၀၂၆ ဧပြီ ၃၀ ရက်

အရှေ့အလယ်ပိုင်းဒေသရှိပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်တက်နေသော်လည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီခြိုးခြံချွေတာရေးအတွက် နိုင်ငံတော်မှထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ စက်သုံးဆီ စနစ်တကျသုံးစွဲနိုင်ရေး၊ ချွေတာသုံးစွဲနိုင်ရေးနှင့် ဖူလုံမှုရှိစေရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာအခြေပြု၍ စီမံကြပ်မတ်ကွပ်ကဲဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးကြီးကဏ္ဍဖြစ်သော လယ်ယာလုပ်ငန်းသုံး ဒီဇယ်ဆီပြတ်လပ်မှုမရှိစေရေး၊ ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ရေးနှင့် ထွန်ယက်စိုက်ပျိုးသော လုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းထုတ် ဒီဇယ်ဆီများအား တစ်ဂါလန်လျှင် ၁၀၀၀၀ ကျပ်နှုန်းဖြင့် တောင်သူများထံသို့ လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် နွေစပါးမြေပြုပြင်ရန်ကျန်ရှိသော ၄၆၈၈၇ ဧကအတွက် အသုံးပြုရန်လိုအပ်သည့် ဒီဇယ်ဆီကို တောင်သူလယ်သမားများထံသို့ တိုက်ရိုက်ရောင်းချပေးခဲ့ပြီး ဖြစ်ပါသည်။

ထို့အပြင် မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းအတွက် လိုအပ်သည့်စက်သုံးဆီများကိုလည်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တောင်သူများသို့ဖြန့်ဖြူးပေးနိုင်ရေး ပြင်ဆင်ထားပြီးဖြစ်ပါသည်။ တောင်သူများအနေဖြင့်

စာမျက်နှာ ၁၃ ကော်လံ ၁ ❊




မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ BOC စက်သုံးဆီ အရောင်းဆိုင်ကို ဧပြီ ၃၀ ရက်က မြင်တွေ့ရစဉ်။

## ယနေ့ သတင်းအညွှန်း

များများသယ် မြန်မြန်ပို့ မြန်မာ့မီးရထားကို မြှင့်တင်စို့ စာ ❖ ၁၄

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် အင်းတော်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား အလုံးစုံ ပြန်လည်သိမ်းပိုက်ထိန်းချုပ် စာ ❖ ၁၇

ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)၌ မြို့နယ်အသီးသီးတွင် ကဆုန်ညောင်ရေသွန်းလောင်းပွဲများ ကျင်းပ စာ ❖ ၁၉

ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)အထိမ်းအမှတ်အဖြစ် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု စာ ❖ ၂၀